# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ ကဆုန်လဆန်း (၁၀) ရက် ၊ သောကြာနေ့ ၊ (17-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် မေ ၁၆**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်ဖိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။**




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်
Exhibition Venue Award ရရှိခဲ့သော မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံ ခန်းမ





ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ ဂီတဖျော်ဖြေပွဲများ၊ အလှမာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုအားပေး

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏အုတ်မြစ်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာရေးဆိုသည်မှာ အမျိုးမျိုးသောသင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့် ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများဖြစ်ပေသည်။ လူတစ်ယောက်သည် မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာသင်ယူလေ့လာကြရခြင်းဖြစ်သည်။ ပညာကို သင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင်တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများထဲတွင် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအကျိုးရလဒ်များကို ဖော်ဆောင်စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွဲဝေစေလျက်ရှိသည်။ ထို့ပြင် နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူများ ပေါ်ကြွယ်ဝစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားမိဘများအနေဖြင့် မိမိတို့၏ရင်သွေးငယ်များကို သက်ဆိုင်ရာစာသင်ကျောင်းများ၌ မေ ၂၃ ရက်မှစ၍ ကျောင်းအပ်နှံနိုင်ပြီဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းမှသင်ကြားပေးသော ပညာရပ်များသာမက အခြားအသိပညာဗဟုသုတများ ရရှိစေရေးအတွက် စာကောင်းပေမွန်များ ဖတ်မှတ်လေ့လာကြရန်လည်း လိုအပ်ပေသည်။ နိုင်ငံတော်အနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများနှင့် စာကြည့်တိုက်များတိုးချဲ့ပေးနိုင်ရေး စာအုပ်စာစောင်များရရှိရေး၊ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ချက်ခိုင်မာမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင်လည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပညာတတ်များမပါဝင်ဘဲ ဆောင်ရွက်၍မရသည်ဖြစ်ရာ ပညာခေတ်တွင် ပညာတတ်များ၊ ပညာရှင်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါအရာရောက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတွင် ပညာတတ်များပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များပေါ်ထွက်စေရေးအတွက် ပညာရေးကဏ္ဍကို နိုင်ငံတော်နှင့်အတူ မိဘပြည်သူများ၊ ဆရာ၊ ဆရာမများက ဝိုင်းဝန်း၍ အထူးအားပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်နှင့်အခြားမြို့များသို့ မေ ၆ ရက်မှ ၁၆ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၄၁ စီးထိရှိ



**မန္တလေး မေ ၁၆**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့်အခြားမြို့များသို့ မေ ၆ ရက်မှ ယနေ့ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၄၁ စီးထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့်အခြားမြို့များသို့ မေ ၆ ရက်မှ ယနေ့ထိ ပြောင်းဆန်၊ သကြား၊ ဘိလပ်မြေ၊ ဆား စသည့် ကုန်စည်များတင်ပို့သည့် ကုန်တင်ရေယာဉ် ၄၁ စီးထိရှိခဲ့ကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုကပြန်ပြီးများပြားလာတယ်။ ပြောင်းဆန်၊ သကြား စတဲ့ကုန်စည်တွေက အများဆုံးဖြစ်နေတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့်အခြားမြို့များသို့ မေ ၆ ရက်မှ ယနေ့ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၇၁၇၄ ဒသမ ၆၆ တန်၊ ပြောင်းဆန် ၁၅၂၈၆ ဒသမ ၂ တန်၊ ဆား ၃၁၄၂ ဒသမ ၃၆၂ တန်နှင့်သကြား ၁၀၃၇၇ ဒသမ ၆၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရေဝတီမြစ်အတွင်း မန္တလေးဆိပ်ကမ်းမှသွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မေ ၁၆**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ်ပြုလုပ်နေရဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် ဆိုင်ကယ်အသစ်များ ဝင်ရောက်မှုမရှိကြောင်း၊ ထို့ကြောင့် ဈေးကွက်အတွင်း ဝင်ရောက်ပြီးသား ဆိုင်ကယ်အသစ်များကိုသာ အရောင်းအဝယ်ပြုလုပ်နေရကြောင်း သိရသည်။

လျှပ်စစ်သုံး ဆိုင်ကယ်များလည်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ပြီး တင်သွင်းသည့် ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ကားဈေးကွက်အတွင်း၌ နယ်ဝယ်လက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ်ပြန်လည်အေးသွားသော်လည်း နံပါတ်ထွက်ပြီးသား ဂျပန်တစ်ပတ်ရစ်ညာမောင်းကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးနှုန်းများ ပြန်လည်တည်ငြိမ်စပြုလာပြီး အရောင်းအဝယ်ဖြစ်မှု နည်းနေဆဲဖြစ်ကာ ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြားကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ပွိုင့်သရီးကား အမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ လျှပ်စစ်သုံးကားများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး ငွေကျပ်သိန်း ၁၃၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၇၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူး ကားများတွင်လည်း Manual ငွေကျပ် သိန်း ၁၂၀၊ Auto ငွေကျပ် သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးမောင်ထံမှ သိရသည်။

(၁၇၃)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် နိုင်လွန်ပဲ အရောင်းအဝယ်ကောင်းမွန်လာ

**မန္တလေး မေ ၁၆**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် နိုင်လွန်ပဲ အရောင်းအဝယ်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် နိုင်လွန်ပဲကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုပြန်လည်များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း၌ပါ နိုင်လွန်ပဲကို ကုန်သည်များက ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

"နိုင်လွန်ပဲကို လက်ရှိအချိန်မှာ ပြည်ပကရော၊ ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ်ကောင်းနေတဲ့ အနေအထားမှာရှိပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာတော့ နိုင်လွန်ပဲက အရောင်းအဝယ်ဖြစ်နေတဲ့ ပဲအမျိုးအစားထဲမှာပါပါတယ်။ မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာလဲ နိုင်လွန်ပဲအရောင်းအဝယ် ပြန်ပြီးကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

မန္တလေးဈေးကွက်တွင် မေ ၁၅ ရက်ပေါက်ဈေးအရ နိုင်လွန်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြန်အောင် မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီးမြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Shwe Bank ကုမ္ပဏီနှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် သပြေကုန်းကျေးရွာနှင့် ရေနစ်ကွင်းကျေးရွာအတွက် အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက သပြေကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများရှိ ကျေးလက်နေ ပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Shwe Bank ကုမ္ပဏီ ပူးပေါင်း၍ Mobile Financial Payment စနစ် အသုံးပြုကာ သပြေကုန်းကျေးရွာနှင့်ရေနစ်ကွင်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၅သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၁၀၈ လမ်း-၁၀၉ လမ်းကြား၊ ၆၈ စီလမ်း၊ မြို့သစ်(၂)နေ ဒေါ်နီနီရိုန်၊ ဒေါ်နီနီဝင်း၊ ဒေါ်မြမြဝင်းနှင့် မောင်အုပ်ရိုးမြတ် မိသားစုက ဦးအောင်မြင့်-ဒေါ်မိမိရိုင်တို့အား ရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးရိုးလွင်တို့က လက်ခံရယူစဉ်။

# ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း မကွေးတိုင်းဒေသကြီးရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁ ဒသမ ၇ သန်း ဝင်ရောက်လည်ပတ်ခဲ့



**မကွေး မေ ၁၆**

၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း မကွေးတိုင်းဒေသကြီးရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁ ဒသမ ၇ သန်း ဝင်ရောက်လည်ပတ်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးအောင်သန်းထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် အခန်း ၂၈ ခန်းပါ ဟိုတယ် တစ်လုံးနှင့် ခရီးသွားကုမ္ပဏီ တစ်ခု အသစ်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဆွဲဆောင်မှုအနေဖြင့် မကွေးမြို့ ကန်သာကန်နှင့် ကမ်းနားလမ်း ညဈေးတန်း၊ မကွေးမြသလွန်ဘုရားပွဲနှင့် မန်းရွှေစက်တော်ရာဘုရားပွဲ၊ MSME ပြပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သဖြင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ လာရောက်မှုများပြားခဲ့ကာ ၂၀၂၃ ခုနှစ် တစ်နှစ်တာ ကာလအတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် တည်းခိုနေထိုင်သူ ၁၀၅၆၀၇ ဦးရှိပြီး ခရီးစဉ်ဒေသအသီးသီးသို့ လာရောက်သူဦးရေ ၁ ဒသမ ၇ သန်းရှိခဲ့ကြောင်း သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၂၃ ခုနှစ် တစ်နှစ်တာပတ်လုံး လာရောက်လည်ပတ်တဲ့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁ ဒသမ ၇ သန်း ရှိခဲ့ပါတယ်။ အဓိကလည်ပတ်တဲ့ နေရာတွေကတော့ ယူနက်စကို အသိအမှတ်ပြု ဗိဿနိုးမြို့ဟောင်း၊ အင်္ဂလိပ်-မြန်မာစစ်ပွဲမှာ တိုက်ပွဲဝင်ခဲ့တဲ့ ရွှေဟောင်းမင်းလှခံတပ်၊ ကွေ့ချောင်းခံတပ်၊ မန်းရွှေစက်တော်ရာ သဘာဝအခြေခံခရီးသွားနေရာနဲ့ မြသလွန်စေတီတော်ကြီးတို့ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ ဆွဲဆောင်မှုအနေနဲ့ ဒေါင်းသေရုက္ခဗေဒဥယျာဉ် တည်ဆောက်ရေးစီမံကိန်းကိုလဲ ဆောင်ရွက်နေပါတယ်"ဟု မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးအောင်သန်းက ပြောပြသည်။

ASH

# မိုင်းခတ်မြို့၌ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**မိုင်းတော် မေ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၊ ခေတ်မီစံပြကျေးရွာ စီမံကိန်း၊ RBF စီမံကိန်းနှင့်စပ်လျဉ်း၍သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးက မြို့နယ်အဆင့် စီမံကိန်းလုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်များနှင့် သုံးသပ်ဆွေးနွေးပွဲအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ ကျေးရွာမတည် ရန်ပုံငွေ စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာစီမံကိန်း၊ RBF စီမံကိန်းနှင့် စပ်လျဉ်းသည့် စီမံကိန်းဆိုင်ရာ အကြောင်းအရာများ သုံးသပ်ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ မိုင်းခတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စီမံကိန်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၈၂၄၂၀ စိုက်ပျိုးမည်

**စစ်ကိုင်း မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၈၂၄၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် ပဲတီစိမ်း ၄၅၅၄၈ ဧက၊ ထောပတ်ပဲ ၉၁၈ ဧက၊ စွန်တာပြာ ဧက ၁၁၅၀၊ ပဲစင်းငုံ ၁၉၇၈၉ ဧက၊ ပဲလွမ်း ၄၅၇ ဧက၊ အခြားပဲ ၁၄၅၅၈ ဧက စုစုပေါင်း ဧက ၈၂၄၂၀ တို့ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံဧက ၈၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ပဲသီးနှံတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးလုပ်ငန်းတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း(မိုးကြို) ၁၀၂ ဧက၊ ပဲတီစိမ်း(မိုး) ၄၄၅၆၂ ဧက၊ ထောပတ်ပဲ ၉၀၉ ဧက၊ စွန်တာပြာ ဧက ၁၀၉၀၊ ပဲလွမ်း ၄၅၈ ဧက၊ ပဲစင်းငုံ ၁၉၇၅၈ ဧက၊ အခြားပဲ ဧက ၁၄၅၆၀ စုစုပေါင်း ၈၀၄၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံသီးနှံစိုက်မည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)



# ဆု၊ ဖွား၊ ပွင့်၊ စံ ဤလေးတန် မှတ်ရန်ကဆုန်လ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"မြူဖြေယံခွန်းပါလို့၊ နေဝန်းယံစက်ရိန်
တောက်လောင်ယံထိန်သည်၊ ဖလ်သူရိန်တောဓာ
ကြောင့်
ပူဗျာပါကဲတဲ့လကိုလေး။
ရာသီယံပြီသ၊ မဟေသီလည်း
ရွှေညီဇလို့၊ ပန်းမြစ်ကားဝါ
ဝိသာခါနှင့်၊ တာရာဖြဝ်
စန်းငွေယှန်မှန်သည့်နယ်၊ ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ
လကဆုန်တာရေပွဲပေမို့၊ သဲလုတယ်လေး။ ။"**

**(မဟာအတုလမင်းကြီး၏ ကဆုန်လဘွဲ့)**

**လတကာထက် ထူးခြားမှု**

ကဆုန်လသည် မြန်မာ့ဆယ့်နှစ်လတွင် ဒုတိယမြောက်လဖြစ်ပြီး နွေရာသီ၏အပူပြင်းဆုံးသော အလယ်လဖြစ်သည်။ **"တန်ခူးရေကုန်၊ ကဆုန်ရေစန်း"** ဟူသောဆိုစကားနှင့်အညီ ပူပြင်းခြောက်သွေ့လွန်းသဖြင့် မြေပြင်ရှိရေများ ကုန်ခန်းလေ့ရှိကြောင်း **"ကဆုန်၊ နယုန် ဆွေ့ဆွေ့ရန်"**ဟူသော ဆိုစကားနှင့်အညီ မြေပြင်သည် ဆွေ့ဆွေ့ခုန်လောက်အောင် အပူရှိန်ပြင်းထန်လေ့ရှိကြောင်း မှတ်တမ်းတင်ထားခဲ့ကြသည်။

**အဖုံဖုံအလီလီ ကဆုန်လအမည်**

**"ကဆုန်"**၏ အဓိပ္ပာယ်မှာ **"က"** = မြန်မာတို့နှင့်အနွယ်တူ၊ တိဗက်၊ တရုတ်နှင့် ထိုင်းဘာသာစကားများအရ **"ရေ"**ဟု အနက်ရသည်။ **"ကျ"**ဟုလည်း ခေါ်တွင်သည်။ **"ဆုန်"** = ရှမ်း၊ ကရင်နှင့်အနွယ်တူ တရုတ်ဘာသာစကားတို့အရ **"သွန်းခြင်း၊ လောင်းခြင်း"**ဟု အနက်ရသည်။ **"ဇုန်၊ ဆိန်နှင့် ဇုန်"**ဟုလည်း ခေါ်တွင်ကြသည်။ **"ကဆုန်၊ ကျဆုန်"**လကို **"ရေသွန်းလ၊ ရေလောင်းလ၊ ရေဖျန်းလ"**ဟူ၍ အဓိပ္ပာယ်ကောက်ယူခဲ့ကြသည်။ နောက်ပိုင်းတွင် **"ညောင်ရေသွန်းလ"**ဟု သတ်မှတ်ခေါ်တွင်လာခဲ့ကြသည်။

ပုဂံခေတ် သက္ကရာဇ် ၄၆၉ ခုနှစ်တွင် ရေးထိုးခဲ့သည့် ထီးလှိုင်ရှင်ကျောက်စာတွင် **"ကျဆုန်"** ဟု ရေးထိုးထားသည်။ **"ကျဆုန်"**မှ **"ကဆုန်"**သို့ ရွေ့လျောသွားခဲ့ကြောင်း၊ အချို့ကျောက်စာများတွင် **"ကူဆုန်၊ ကဆုန်၊ ရဆုန်၊ ဓူဆုန်"**ဟူ၍ အဖုံဖုံခေါ်ဆိုခဲ့ကြကြောင်း၊ ညောင်ရေသွန်းပွဲတော်ကို ပုဂံပြည်သို့သာသနာတော်ရောက်သည့်အချိန်မှအစပြုခဲ့ကြောင်း မြန်မာလအမည်များ သုတေသနပြုချက်အရ မှတ်သားခဲ့ကြသည်။

**"ဝေါဟာရလီနတ္ထဒီပနီကျမ်း"**တွင် မြန်မာသူရဲကောင်းတို့က **"ကဆုန်လ"** ဟု ခေါ်ဆိုခဲ့ကြပြီး မြန်မာပညာရှိတို့က **"ကံ ဥဒကံ ဆိန္နတိတိ ကဆိန်"** = ကံဥဒကံ = ရေကို၊ ဆိန္နတိ = ဖြတ်တတ်၏၊ ဣတိ တသ္မာ= ထို့ကြောင့်၊ သောမာသော = ထိုလသည်၊ ကဆိန် = ကဆုန်လမည်၏ဟု ဆိုခဲ့ကြသည်။ ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ ထုံး၊ အင်း၊ အိုင်တို့တွင် ရေပြတ်သောလ၊ ရေခန်းခြောက်သောလဖြစ်သောကြောင့် **"ကဆုန်လ"**ဟု သတ်မှတ်ခြင်းဖြစ်သည်။ ကျမ်းပြုဆရာများ၏ ဆိုလိုရင်းမှာ **"ကဆိန"**ဟူသော ပါဠိမှ ကဆုန်လဖြစ်လာကြောင်း၊ **က** = ရေဟော။ **ဆုန်(ဆိန)** = ပြတ်ခြင်း၊ ကဆုန်လသည် ရေပြတ်သောလဟူ၍ပင်။ ပူပြင်းလှသော ကဆုန်လနှင့်ပတ်သက်၍ **"မဃဒေဝလင်္ကာ"**တွင် **"အတာကူးသား၊ တန်ခူးကဆုန်၊ ပူဟုန်တက်ကြွ၊ ဝသန္တနှင့် တဝထိုမြို့၊ တပို့တပေါင်း၊ ကြက်ဆောင်းမာသ၊ သိသိရဠ်၊ လုံ့လကြိုးကုတ်၊ အားထုတ်ပြင်းစွာ၊ မပြုရာတည့်"**ဟု ဆေးပညာအယူအဆကို ဖော်ညွှန်းပြဆိုခဲ့သည်။

ဆိုလိုသည်မှာ လောကသည် အလွန်ပူပြင်းခြောက်သွေ့နေကြောင်း၊ ရေကန်၊ ရေအိုင်တို့တွင် ရေသောက်သောသားငှက်တို့ များပြားစွာ စုဝေးရောက်ရှိနေကြကြောင်း၊ အစပ်၊ အခါးအရသာရှိသော အသီးအရွက် အမြစ်တို့သည် အားရှိကြောင်း၊ အချဉ်၊ အငန်ဟူသော အစားအစာများနှင့် ပင်ပန်းလွန်းသောအလုပ်တို့ကို ရှောင်ကြဉ်သင့်ကြောင်း သတိပေးထားခြင်းဖြစ်သည်။

**"ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်း"**တွင်လည်း အဆိုပါ သတိပေးခြင်းများအပြင် လူတို့သည် သည်းခြေပျက်၍ အားယုတ်ခြင်း၊ လေငုပ်ခြင်းများကြောင့် မေထုန်မှီဝဲခြင်းကို ရှောင်ကြဉ်သင့်ကြောင်း လမ်းညွှန်သတိပေးထားသည်။

ကဆုန်လ၏ ပူပြင်းခြောက်သွေ့ပုံ၊ ဆွေ့ဆွေ့ခုန်ပုံများကို စာပန်းချီခြယ်သခဲ့ကြသကဲ့သို့ ကဆုန်လ၏ လဝက် ဒုတိယပိုင်းတွင် မိုးသံလေသံများ ခြိမ့်ခြိမ့်ညံခဲ့ကြသည်ကိုလည်း ရေးဖွဲ့ထားကြပါသေးသည်။ နေမင်း၏ ပူပြင်းမှုဒဏ်ကို မိုးနတ်မင်းကလည်း တုံ့ပြန်သည့်အနေဖြင့် မိုးထစ်ချုန်းပြလေ့ရှိခဲ့သည်။ မိုးဖွဲဖွဲလေးရွာသွန်းပေးသဖြင့် မြေသင်းနံ့လေးက မွှေးနေကြလေ့ရှိသည်။ ထို့ကြောင့် **"ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့"**ဟု စပ်ဆိုခဲ့ကြသည်။ ကုန်းဘောင်ခေတ် ဉာဏ်ဝန်ကြီး ဦးဖြေက **"တောတောင်ယံပတ်ဖြ၊ မြေသင်းပျံ့လည်း၊ ရနံ့ကြူးကြူး၊ မိုးသားမြူးနှင်၊ ထွေထူးမျိုးဓေါ်၊ စည်ကြီးကျော်လို့၊ ထီးဆော်ညံညံ၊ မိုးပွဲပဲ့စံတော့"**ဟု လေးချိုးစပ်တင်စားဂုဏ်ပြုခဲ့သည်။

**❖ ညောင်ရေသွန်းပွဲတော်ကို မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကတည်းကပင် စတင်ပေါ်ထွန်းခဲ့ပြီး သာဝတ္ထိပြည်တွင် ပသေနဒီကောသလမင်းကြီးဦးဆောင်ကာ ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့သည်။ မြန်မာရာဇဝင် ပင်းယခေတ်တွင် ပေါ်ပေါက်လာသော ပြည်မင်းမျက်နှာရှည်ကာချင်းတွင် "စံကားဝတ်စုံမြေ၊ သွန်းညောင်ရေ၊ ထုံးလေတန်စကူး၊ နွေလဆန်း၊ ဆန်းလဦး၊ ဝတ်ဆံရွှေသား၊ စံကားပွင့်လှဦး" ဟု ရေးစပ်ခဲ့ရာ ပုဂံခေတ်၊ ပင်းယခေတ်ကတည်းက ညောင်ရေသွန်းပွဲတော်ကျင်းပခဲ့ကြောင်း သက်သေတည်နေသည်။ ❖**

**"အဿျှင်အဋ္ဌသမာဓိ"**၏ ဘုံခန်းပျို့တွင်လည်း **"ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့ တပျံ့ပျံ့ပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပဇျုန်ရိုက်မြည်၊ ချုန်းချုန်းတည်း"**ဟု စပ်ဆိုခဲ့သည်။

**ကဆုန်လပြည့်(ဗုဒ္ဓနေ့)**

ကဆုန်လ၏ လောကီထူးခြားချက်များအပြင် လောကုတ္တရာ ဗုဒ္ဓသာသနာ၏ မွန်မြတ်ထူးခြားချက်များကလည်း များစွာရှိသည်။ ထို့ကြောင့် **"အဓါလည်းရုံ၊ လကဆုန်"**ဟု ဆိုရိုးရှိခဲ့သည်။

**"ဆု၊ ဖွား၊ ပွင့်၊ စံ၊ ဤလေးတန်၊ မှတ်ရန် ကဆုန်လ"**

**"ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟူ၍ စာဆိုပညာရှင်များက **"ကဆုန်လပြည့်နေ့"**နှင့် ပတ်သက်၍ အထူးဝိသေသပြု ညွှန်းဆိုခဲ့ကြသည်။

၁။ **"ဆု/ဗျာဒိတ်"**နှင့်ပတ်သက်၍ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှေ့အရောက် ဝမ်းလျားမှောက်ကာ နိယတဗျာဒိတ်ကို ခံယူတော်မူခဲ့သည်။ (ဆုတော်တောင်းခြင်း)

၂။ **"ဖွား"**နှင့်ပတ်သက်၍ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်(သောကြာနေ့)ဝယ် ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌ မဟီလိုက်ဆူ ဖွားမြင်တော်မူခဲ့သည်။

၃။ **"ပွင့်၊ မြင်၊ ဗောဓိပင်"** နှင့်ပတ်သက်၍ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓဟူးနေ့)တွင် ဖွားဖက်တော် မဟာဗောဓိပင် ရွှေပလ္လင်၌ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**ဟုလည်း သတ်မှတ်ပူဇော်ခဲ့ကြသည်။

၄။ **"စံ"**နှင့်ပတ်သက်၍ မြတ်စွာဘုရားရှင်သည် ဝါတော်လေးဆယ့်ငါး၊ သက်တော်ရှစ်ဆယ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်(အင်္ဂါနေ့)တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။

အချို့မှတ်တမ်းများတွင် **"ဖွား-ပွင့်-ဟော-စံ-ဗျာဒိတ်စံ၊ ကဆုန်လပြည့်နေ့"**ဟု ဝိသေသထူးခြားချက်ငါးရပ် သတ်မှတ်ပူဇော်ကြလေ့ရှိသည်။

အထက်တွင်ဖော်ပြခဲ့သော ဝိသေသလေးရပ်အပြင် ကဆုန်လပြည့်နေ့တွင် **"ဗုဒ္ဓဝင်အကျဉ်း"**ဟောခဲ့သည်ဟု အကြောင်းပြုကာ **"ဟော"**ဝိသေသကိုထည့်ပြီး ဝိသေသထူးငါးရပ်ဟု သတ်မှတ်ထားကြသည်။

**နိုင်ငံတကာနေ့ထူးနေ့မြတ်**

ကဆုန်လသည် ဗြိသရာသီ၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောလဖြစ်သည်။ ပါဠိ၊ သက္ကတ၊ ဟိန္ဒီဘာသာစကားတို့တွင် ကဆုန်လကို **"ဝိသာခါ(Vesaka)"**ဟု ခေါ်ဆိုခဲ့ကြသည်။ ကဆုန်လပြည့်နေ့ကိုလည်း(Vesak Day)ဟု ခေါ်ဝေါ်ကြသည်။

ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့တွင်ကျင်းပခဲ့သည့် အထွေထွေညီလာခံ၌ **"ကဆုန်လပြည့်(ဗုဒ္ဓနေ့)ကို နိုင်ငံတကာဝိသာခါ အခါတော်နေ့(International Vesak Day or Visakha Day)"**အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်များတွင် ဖွားဖက်တော်ခုနစ်ပါးပါဝင်သည်။ **"ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဌနှင့် ဗုဒ္ဓဟေ"** ဟူသော ဖွားဖက်တော် ခုနစ်ပါးဖြစ်သည်။ မြတ်စွာဘုရားအလောင်းတော်မင်းသား သိဒ္ဓတ္ထဖွားမြင်တော်မူသော ကဆုန်လပြည့်နေ့တွင် မွေးဖွားပေါ်ပေါက်လာကြသောကြောင့် ဖွားဖက်တော်များဟု ဂုဏ်ပြုသတ်မှတ်ထားခြင်းဖြစ်သည်။ (၁) ကာဠု = ကာဠုဒါယီအမတ်၊ (၂) ယသော် = ယသော်ဓရာမင်းသမီး၊ (၃) ညီတော် = ညီတော်အာနန္ဒာ(မင်းသား)၊ (၄) ဆန္န = ဆန္နအမတ်(မြင်းထိန်း)မြင်းမြီးဆွဲမောင်ဆန်၊ (၅) ကဏ္ဍက = မြင်းရတနာ၊ (၆) သောဏ္ဌ = ရွှေအိုးကြီးလေးလုံး၊ (၇) ဗုဒ္ဓဟေ = ညောင်ဗုဒ္ဓဟေ(မဟာဗောဓိပင်)စသည့် ဖွားဖက်တော်ခုနစ်ပါးသည် မြတ်စွာဘုရားရှင်အတွက် ကုသိုလ်ကောင်းမှုအထောက်အပံ့များဖြစ်ကြသည်။ ထိုဖွားဖက်တော် ခုနစ်ပါးအနက် **"ဗောဓိပလ္လင်၊ ရွှေညောင်ပင်"**(ညောင်ဗုဒ္ဓဟေ)(ညောင်နီပင်)သည်ကား ကဆုန်လပြည့်နေ့တွင် မြတ်ဗုဒ္ဓအား ရည်မျှော်မှန်းဆရေသွန်းလောင်းပူဇော်ကြသည့် **"ညောင်ရေသွန်းပွဲတော်"**နှင့်ဆက်စပ်ထင်ဟပ်နေသည်။

**မဟာဗောဓိပင်နှင့် ညောင်ရေသွန်းပွဲတော်**

မြတ်စွာဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်များကို မဟာဗောဓိပင်များဟု ခေါ်ဆိုခဲ့ကြသည်။

ပါဠိလို **ဗောဓိ**၊ မြန်မာပြန်သော် **"သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာ"**ဟု အဓိပ္ပာယ်ရ၏။ **"အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်"**ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟောကြားထားရာ သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်ကြောင်း မြတ်စွာဘုရားရှင်တို့ပွင့်တော်မူရာ သစ်ပင်ကိုကား ဗောဓိဟု ခေါ်ဆိုကြောင်း မှတ်တမ်းပြုထားကြသည်။

ဝိပဿီဘုရားရှင်သည် **"သခွတ်ပင်"**၊ သိခီဘုရားရှင်သည် **"သရက်ပင်"**၊ ဝေဿဘူဘုရားရှင်သည် **"အင်ကြင်းပင်"**၊ ကကုသန်ဘုရားရှင်သည် **"ကုက္ကိုပင်"**၊ ကောဏာဂုံဘုရားရှင်သည် **"ရေသဖန်းပင်"**၊ ကဿပဘုရားရှင်သည် **"ပညောင်ပင်"**၊ ဂေါတမဘုရားရှင်သည် **"ညောင်ဗုဒ္ဓဟေပင်"**(ညောင်နီပင်) စသည့်အပင်များ၌ ပွင့်တော်မူခဲ့ကြသည်။ နောင်ပွင့်လတ္တံ့သောအရိမေတ္တေယျ ဘုရားရှင်လက်ထက်တွင်**"ကံ့ကော်ပင်"**၌ပွင့်မည်ဟု ဆိုကြသည်။ ဘုရားရှင်အသီးသီးပွင့်တော်မူရာ သစ်ပင်များကို သာသနာတော်အလိုအရ **"ဗောဓိပင်"**များ၊ **"မဟာဗောဓိပင်များ"**ဟု အလေးအမြတ်ထား၍ ရေသွန်းလောင်းပူဇော်ကန်တော့ခဲ့ကြသည်။ ဂေါတမမြတ်စွာဘုရားပွင့်တော်မူခဲ့ရာ ညောင်ဗုဒ္ဓဟေပင်ကို အစွဲပြုကာ **"ဗောဓိရွှေညောင်"**ဟု အပြောအရေးများ နေကြခြင်းဖြစ်သည်။

ပူပြင်းခြောက်သွေ့ပြီး ရေကုန်ရေပြတ်သော လမြတ်ကဆုန်တွင် ဗုဒ္ဓသာသနာနွယ်ဝင် မဟာဗောဓိပင်များ မညှိုးနွမ်းကြစေရေးအတွက် မြတ်ဗုဒ္ဓကို ရည်မျှော်ပူဇော်ကန်တော့ကြသည့်အလား ပင်ပွား၊ ဆင့်ပွား၊ ညောင်ဗုဒ္ဓဟေပင်များကို ရေသွန်းလောင်းခဲ့ကြသည်။ ကဆုန်လပြည့်နေ့တိုင်း တောရောမြို့ပါမကျန် ကြီး၊ ငယ်၊ လတ် အရွယ်သုံးပါးမရွေး တစ်ဦးချင်းစီရော၊ အသင်းအဖွဲ့အလိုက်ပါ ရေအိုးကိုယ်စီရွက်လျက် ဗောဓိပင်များရှိကြရာသို့ အိုးစည်ဗုံမောင်း၊ အကအခုန်စုံလင်စွာ စိတ်နှလုံးကြည်လင်စွာ စိတ်န်းလှည့်လည်သွားလာကြကာ ရေစင်သွန်းလောင်းကြလေ့ရှိသည်။ ပျော်ရွှင်ကြည်နူးစရာကောင်းလှသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေလေပြီ။

ညောင်ရေသွန်းပွဲတော်ကို မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကတည်းကပင် စတင်ပေါ်ထွန်းခဲ့ပြီး သာဝတ္ထိပြည်တွင် ပသေနဒီ ကောသလမင်းကြီးဦးဆောင်ကာ ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့သည်။ မြန်မာရာဇဝင် ပင်းယခေတ်တွင် ပေါ်ပေါက်လာသော ပြည်မင်းမျက်နှာရှည်ကာချင်းတွင် **"စံကားဝတ်စုံမြေ၊ သွန်းညောင်ရေ၊ ထုံးလေတန်စကူး၊ နွေလဆန်း၊ ဆန်းလဦး၊ ဝတ်ဆံရွှေသား၊ စံကားပွင့်လှဦး"**ဟု ရေးစပ်ခဲ့ရာ ပုဂံခေတ်၊ ပင်းယခေတ်ကတည်းက ညောင်ရေသွန်းပွဲတော်ကျင်းပခဲ့ကြောင်း သက်သေတည်နေသည်။

ရှေးမြန်မာဘုရင်များကိုယ်တိုင် ကြီးမှူး၍ ညောင်ရေသွန်းပွဲတော်ကျင်းပခဲ့ကြောင်း ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် မဲဇာသို့အပို့ခံခဲ့ရသော လက်ဝဲသုန္ဒရဘွဲ့ခံအမတ်ကြီးဦးမြတ်စံ၏ မဲဇာတောင်ခြေရတုကလည်း ထင်ရှားသော သာဓကကိုပြသနေသည်။ ကဆုန်လပြည့်နေ့က မဲဇာရပ်သူတို့ ကျင်းပသွန်းလောင်းကြသည့် ညောင်ရေသွန်းပွဲသဘင်ကို မြင်တွေ့လိုက်ရသော အမတ်ကြီးဦးမြတ်စံသည် ရတနာပူရ ရွှေမြို့တော်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကို မြင်ယောင်တမ်းတ၊ လွမ်းမောလှစွာ **"ပွဲစါညောင်ရေ၊ သွန်းမြဲပေတည့်၊**

စာမျက်နှာ ၅ သို့ ➤

# နိုင်ငံတကာ သတင်းများ

## ဘဏ္ဍာရေးဝန်ကြီး လောရင့်စ်ဝေါင် စင်ကာပူဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

**စင်ကာပူ မေ ၁၆**

စင်ကာပူ ဘဏ္ဍာရေးဝန်ကြီး လောရင့်စ်ဝေါင်သည် မေ ၁၅ ရက်၌ စင်ကာပူဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၅၁ နှစ်ရှိ လောရင့်စ်ဝေါင်သည် စင်ကာပူဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် စင်ကာပူနိုင်ငံကို နှစ် ၂၀ ကြာဦးဆောင်ခဲ့သည့် ဝန်ကြီးချုပ် လီရှန်လွန်း၏ အရိုက်အရာကို ဆက်ခံ၍ စင်ကာပူနိုင်ငံကို ဦးဆောင်ရတော့မည်ဖြစ်သည်။

မိမိအနေဖြင့် စင်ကာပူနိုင်ငံကို ဝန်ကြီးချုပ်အဖြစ် ဦးဆောင်ရာတွင် ကိုယ်ပိုင်လမ်းစဉ်များနှင့်သာ ဦးဆောင်မည်ဖြစ်ကြောင်း လောရင့်စ်ဝေါင်က စင်ကာပူသမ္မတနန်းတော်၌ကျင်းပခဲ့သည့် ကျမ်းသစ္စာကျိန်ဆိုပွဲ၌ ကတိပြုခဲ့သည်။

စင်ကာပူနိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ်ဖြစ်သည့် လောရင့်စ်ဝေါင်သည် လက်ရှိအာဏာရပြည်သူ့လှုပ်ရှားမှုပါတီကရွေးချယ်ထားသည့် စတုတ္ထမျိုးဆက် နိုင်ငံရေးခေါင်းဆောင်များမှ တစ်ဦးအပါအဝင်ဖြစ်သည်။

လောရင့်စ်ဝေါင်သည် စင်ကာပူနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၆၅ ခုနှစ်နောက်ပိုင်း မွေးဖွားခဲ့သည့် ပထမဆုံးစင်ကာပူဝန်ကြီးချုပ်လည်းဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း လီရှန်လွန်းသည် ဝန်ကြီးချုပ်ရာထူး စွန့်လွှတ်ပေးခဲ့သော်လည်း စင်ကာပူနိုင်ငံအစိုးရအဖွဲ့တွင် ဝါရင့်ဝန်ကြီးတစ်ဦးအဖြစ် ဆက်လက်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဆွစ်ဇာလန်၏ယူကရိန်းငြိမ်းချမ်းရေးညီလာခံ ရုရှားမပါပါက ရလဒ်ထွက်မည်မဟုတ်ဟုဆို

**ဒေါ့ဟမ်း မေ ၁၆**

ဆွစ်ဇာလန်နိုင်ငံ၌ကျင်းပမည့် ယူကရိန်းငြိမ်းချမ်းရေးနိုင်ငံတကာညီလာခံအနေဖြင့် ရုရှားနိုင်ငံပါဝင်မှုမရှိခဲ့ပါက မည်သည့်ရလဒ်မှ ပေါ်ထွက်လာလိမ့်မည်မဟုတ်ကြောင်း ရုရှားအစိုးရက မေ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံနှင့် ပတ်သက်နေသည့် လုံခြုံရေးပြဿနာများအတွက် ရုရှားမပါဘဲကျင်းပပါက ညီလာခံ၌ မည်သည့်ရလဒ်မှရှိလာလိမ့်မည်မဟုတ်ကြောင်း ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားထားသည်။

ယူကရိန်းသမ္မတ ဇီလန်စကီး၏ မေတ္တာရပ်ခံချက်အရ ဆွစ်ဇာလန်နိုင်ငံသည် ယူကရိန်းငြိမ်းချမ်းရေးနိုင်ငံတကာ ညီလာခံတစ်ရပ်ကို လာမည့်ဇွန်လအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန် သဘောတူထားသည်။

လူဆန်းအမည်ရှိမြို့၌ ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင်ကျင်းပမည့် အဆိုပါညီလာခံကို ယူကရိန်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် လမ်းဖွင့်ပေးနိုင်မည့် ညီလာခံအဖြစ် ဆွစ်ဇာလန်နိုင်ငံက မျှော်လင့်ထားသည်။

လက်ရှိအချိန်တွင် ယင်းညီလာခံ၌ ပါဝင်တက်ရောက်ရန် နိုင်ငံပေါင်း ၅၀ ကျော်တို့က သဘောတူထားကြောင်း ဆွစ်ဇာလန်တာဝန်ရှိသူများက ပြောကြားထားသည်။

ယူကရိန်းငြိမ်းချမ်းရေး နိုင်ငံတကာညီလာခံ၌ ပါဝင်ရန် ဆွစ်ဇာလန်နိုင်ငံအစိုးရက ရုရှားနိုင်ငံကို ဖိတ်ကြားထားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားသမ္မတပူတင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိ



**ပေကျင်း မေ ၁၆**

ရုရှားသမ္မတပူတင်သည် သမ္မတရာထူး သက်တမ်းသစ်အတွက် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်အား တရုတ်သမ္မတရှီကျင့်ဖျင်က ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် တခမ်းတနားကြိုဆိုခဲ့ကြောင်း တရုတ်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းပြဿနာကိုဖြေရှင်းပေးရန် တရုတ်နိုင်ငံက ကြားဝင်ကြိုးစားပေးနေသည့်အတွက် ကျေးဇူးတင်ကြောင်း သမ္မတရှီကျင့်ဖျင်နှင့်ကျင်းပခဲ့သည့် ပေကျင်းထိပ်သီးဆွေးနွေးပွဲ၌သမ္မတပူတင်က ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲအပြီးတွင် တရုတ်နှင့် ရုရှားသမ္မတတို့သည် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ဆက်ဆံရေးကိုမြှင့်တင်ရေး ပူးတွဲကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ရုရှားနှင့် တရုတ်သမ္မတတို့သည် ယနေ့ကျင်းပသည့် ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးထားရှိမှု ၇၅ နှစ်ပြည့် အခမ်းအနားကိုလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

ယူကရိန်းစစ်ပွဲကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများ၏ စီးပွားရေး အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် စီးပွားရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ၁၅ ရက်ကြာမြင့်မည့် ရွှေနဂါးပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်

**ဖနွမ်းပင် မေ ၁၆**

ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သည် နှစ်စဉ်ပြုလုပ်မြဲ ရွှေနဂါးအမည်ရှိ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကမ္ဘောဒီးယား၌ ယနေ့တွင် စတင်နေပြီဖြစ်ကြောင်း သိရသည်။

၁၅ ရက်ကြာမြင့်မည့် ရွှေနဂါးပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၁၃၁၅ ဦးနှင့် တရုတ်တပ်ဖွဲ့ဝင်ဦးရေ ၇၆၀ တို့ ပါဝင်ကြောင်း ကမ္ဘောဒီးယားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ရွှေနဂါးပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ပင်လယ်ရေကြောင်းလေ့ကျင့်မှုများတွင်လည်း တရုတ်ရေတပ် စစ်သင်္ဘောသုံးစီးနှင့် ကမ္ဘောဒီးယားစစ်သင်္ဘော ၁၁ စီးတို့ ပါဝင်ကြသည်။

ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သည် ရွှေနဂါးပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ၂၀၁၆ ခုနှစ်က စတင်ပြုလုပ်ခဲ့ကြသည်။

အမေရိကန်နိုင်ငံနှင့် နှစ်စဉ်ပြုလုပ်နေသည့် အန်ကောမျှော်စင်အမည်ရှိ နှစ်စဉ်စစ်ရေးလေ့ကျင့်မှုများကို ဖျက်သိမ်းခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံနှင့်ပူးတွဲ၍ ရွှေနဂါးစစ်ရေးလေ့ကျင့်မှုများကို နှစ်စဉ်ပြုလုပ်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ အဓိကအကျဆုံး အရှေ့တောင်အာရှ မဟာမိတ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကို အစိုးရအဖွဲ့အစည်းအဝေးအပြန် သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခံရ

**ဘရာတီဆလာဗာ မေ ၁၆**

ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုအား မေ ၁၅ ရက်တွင် အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ကြောင်း သိရသည်။

ဆလိုဗက်ကီးယားအလယ်ပိုင်း ဟန်းလိုဗာမြို့တွင် ကျင်းပခဲ့သည့် အစိုးရအဖွဲ့အစည်းအဝေးတစ်ခုမှ ပြန်အထွက်တွင် အမျိုးသားတစ်ဦးက ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် ဝန်ကြီးချုပ် ရောဘတ်ဖီကိုသည် ဒဏ်ရာများပြင်းထန်စွာရရှိခဲ့ပြီး ခွဲစိတ်ကုသမှုများပြုလုပ်ထားသော်လည်း အခြေအနေမှာ စိုးရိမ်ရဆဲဖြစ်ကြောင်း ဆလိုဗက်ကီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

ဝန်ကြီးချုပ် ရောဘတ်ဖီကိုအား သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခဲ့သူအမျိုးသားကိုလည်း ဆလိုဗက်ကီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ယူကရိန်းသို့ လက်နက်များပေးပို့ကူညီမှုကို ရပ်ဆိုင်းထားသူဖြစ်ကြောင်း သိရသည်။

ဆလိုဗက်ကီးယားဝန်ကြီးချုပ် လုပ်ကြံခံရမှုအတွက် ရုရှားနိုင်ငံအပါအဝင် ဥရောပနိုင်ငံများက ဝေဖန်ရှုတ်ချထားသည်။


ဝန်ကြီးချုပ် ရောဘတ်ဖီကို လုပ်ကြံခံခဲ့ရပြီးနောက် အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးကို ယနေ့တွင်ကျင်းပရန် ဆလိုဗက်ကီးယားတာဝန်ရှိသူများက စီစဉ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အလွန်အေးခဲသည့် အနီရောင်ကြယ်သိမ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသော ကမ္ဘာဂြိုဟ်အရွယ်အစားရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်း ရှာဖွေတွေ့ရှိ



**ဝါရှင်တန် မေ ၁၆**

အလွန်အေးခဲသည့် အနီရောင်ကြယ်သိမ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသော ကမ္ဘာဂြိုဟ်အရွယ်အစားရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

အထက်ပါ အနီရောင်ကြယ်သိမ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၅၅ နှစ် အကွာတွင်တည်ရှိပြီး အရွယ်အစားမှာ ကြာသပတေးဂြိုဟ် အရွယ်လောက်သာရှိကြောင်း သိရသည်။

အဆိုပါဂြိုဟ်သစ်ကို SPECULOOS-3b ဟူ၍ အမေရိကန်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

SPECULOOS-3b ဂြိုဟ်စနစ်သည် အနီရောင်ကြယ်သိမ်တစ်စင်းအနီး တွေ့ရှိရသည့် ဒုတိယမြောက် ဂြိုဟ်စနစ်ဖြစ်ကြောင်း သိရသည်။

SPECULOOS-3b ဂြိုဟ်ကို အမေရိကန် သိပ္ပံပညာရှင်များက ချီလီနိုင်ငံ Paranal ရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

SPECULOOS-3b ဂြိုဟ်ဗဟိုပြုလှည့်ပတ်နေသည့် အနီရောင်ကြယ်သိမ်၏ အလင်းအားမှာ နေ၏အလင်းအားထက် အဆ ၁၀၀ ပိုနည်းပြီး အပူဓာတ်မှာလည်း ၅၀ ရာခိုင်နှုန်း ပိုနည်းကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## စကြဝဠာ၏ သက်တမ်းအရင့်ဆုံးကြယ်များထဲတွင် ပါဝင်သည့် ကြယ်သုံးစင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား


**ဝါရှင်တန် မေ ၁၆**

အမေရိကန်သိပ္ပံပညာရှင်များသည် စကြဝဠာ၏သက်တမ်းအရင့်ဆုံးကြယ်များထဲတွင် ပါဝင်သည့်ကြယ်သုံးစင်းကို ရှာဖွေတွေ့ရှိထားကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

မက်ဆာချူးဆက်နည်းပညာအင်စတီကျူမှ သိပ္ပံပညာရှင်များအနေဖြင့် အဆိုပါကြယ်သုံးစင်းကို နဂါးငွေ့တန်းကြယ်စု၏ အနားသတ်နယ်မြေထဲမှာပင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါကြယ်သုံးစင်း၏ သက်တမ်းမှာ နှစ်ပေါင်း ၁၂ ဘီလီယံနှင့် ၁၃ ဘီလီယံကြားထိ ရှိနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါ ကြယ်သုံးစင်းသည် အရွယ်အစား တဖြည်းဖြည်းကြီးမားလာသည့် နဂါးငွေ့တန်းကြယ်စုက ဝါးမျိုခဲ့သော အခြားကြယ်စုငယ်များမှ ကြယ်များဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။



အဆိုပါ သက်တမ်းရင့်ကြယ်သုံးစင်းသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၃၀၀၀၀ ခန့်အကွာတွင် တည်ရှိနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အဆိုပါကြယ်သုံးစင်းကို ဥရောပ အာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တု အကူအညီဖြင့် ရှာဖွေတွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ရှာဖွေတွေ့ရှိထားသမျှ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များအနက် အလေးချိန်အားဖြင့် ဒုတိယမြောက်အပေါ့ပါးဆုံးဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် မေ ၁၆**

ရှာဖွေတွေ့ရှိထားသမျှ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များအနက် အလေးချိန်အားဖြင့် ဒုတိယမြောက် အပေါ့ပါးဆုံးဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

WASP-193b အမည်ရှိအဆိုပါဂြိုဟ်သည် အရွယ်အစားအားဖြင့် ကြာသပတေးဂြိုဟ်ထက် ၁ ဒသမ ၅ ဆ ပိုကြီးမားသော်လည်း ဒြပ်ထုမှာ ကြာသပတေးဂြိုဟ်ဒြပ်ထု၏ ၁၀ ပုံတစ်ပုံထိသာရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် WASP-193b ဂြိုဟ်ကို WASP ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားသမျှ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များအနက် ဒြပ်ထုအပေါ့ပါးဆုံးဂြိုဟ်မှာ Kepler 51d အမည်ရှိ ဂြိုဟ်ဖြစ်ကြောင်း သိရသည်။

WASP-193b ဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၂၀၀ ခန့်အကွာတွင် တည်ရှိသည့်ကြယ်တစ်စင်းကို မိုင်ပေါင်း ၆ ဒသမ ၃ သန်းအကွာမှ ဗဟိုပြုလှည့်ပတ်လျက်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

WASP-193b ဂြိုဟ်၏ သိပ်သည်းဆမှာ တစ်ကုဗစင်တီမီတာလျှင် သုည ဒသမ ၁၅၉ ဂရမ်မျှသာရှိပြီး နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာဂြိုဟ်၏ သိပ်သည်းဆမှာ တစ်ကုဗစင်တီမီတာလျှင် ၅ ဒသမ ၅ ဂရမ်ထိရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ယောဂကျင့်စဉ်က နှလုံးရှုတ်တရက်ဖောက်သူ လူနာများ၏ကျန်းမာရေးကို အထောက်အကူပြုနိုင်

**နယူးဒေလီ မေ ၁၆**

ရှေးဟောင်းအိန္ဒိယကျင့်စဉ်တစ်မျိုးဖြစ်သော ယောဂကျင့်စဉ်သည် နှလုံးရှုတ်တရက်ဖောက်မှုဖြစ်ပွားထားသည့် လူနာများ၏ရေရှည်ကျန်းမာရေးကို အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

နှလုံးဖောက်ပြီးနောက် လိုအပ်သည့် ဆေးဝါးများသုံးစွဲခြင်းအပြင် ယောဂကျင့်စဉ်ကိုပါ လေ့ကျင့်သူလူနာများသည် ဆေးဝါးသက်သက်သုံးစွဲသူများထက် နှလုံးကျန်းမာရေးပိုအားကောင်းလာသည်ကိုတွေ့ရကြောင်း အိန္ဒိယသုတေသနပညာရှင်များက ပြောကြားသည်။

အိန္ဒိယ သုတေသနပညာရှင်များသည် အသက် ၃၀ နှင့် ၇၀ ကြား နှလုံးရှုတ်တရက်ဖောက်လူနာ ၈၅ ဦးတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ စမ်းသပ်မှုတွင်ပါဝင်သော လူနာများအနက် လိုအပ်သည့်ဆေးဝါးများ သောက်သုံးခြင်းအပြင် ယောဂကျင့်စဉ်ကိုပါ ပေါင်းစပ်လေ့ကျင့်သူများသည် ဆေးဝါးသက်သက်သုံးစွဲသူများထက် နှလုံး၏စွမ်းဆောင်ရည်ပိုမိုမြင့်မားလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံး ရှုတ်တရက်ဖောက်မှုပြဿနာသည် လူနာများ၏ ဘဝရှင်သန်မှု အရည်အသွေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

နှလုံးရှုတ်တရက်ဖောက်ပြီးချိန်တွင် လူနာများမှာ မောပန်းနွမ်းနယ်ခြင်း၊ အသက်ရှူမဝခြင်း၊ ပုံမှန်လုပ်နေကျအလုပ်များကို မလုပ်နိုင်တော့ခြင်း စသည့်ပြဿနာများဖြင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အစားစားချိန် ဖုန်းကြည့်သူကလေးများ အဝလွန်နိုင်ခြေ ပုံမှန်ထက်မြင့်မားနိုင်

**လစ္စဘွန်း မေ ၁၆**

အစားစားချိန်တွင် ဖုန်းကြည့်လေ့ရှိသည့် သို့မဟုတ် ရုပ်မြင်သံကြားကြည့်ရှုလေ့ရှိသည့် ကလေးများ၌ အဝလွန်နိုင်ခြေ ပုံမှန်ထက်မြင့်မားနိုင်ကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

ပေါ်တူဂီနိုင်ငံ မင်ဟိုးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အစားစားချိန်တွင် ဖုန်းကြည့်သူ သို့မဟုတ် ရုပ်သံကြည့်သူကလေးများ၌ အဝလွန်နိုင်ခြေ ပုံမှန်ထက် ၁၅ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ပေါ်တူဂီသုတေသနပညာရှင်များသည် အသက် ခြောက်နှစ်နှင့် ၁၀ နှစ်ကြား ကလေး ၇၃၅ ဦးတို့၏ အစားစားချိန်အလေ့အထများကို လေ့လာခဲ့ကြသည်။

အထက်ပါ လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အစားစားချိန်၌ ဖုန်းကြည့်လေ့ရှိသော သို့မဟုတ် ရုပ်သံကြည့်လေ့ရှိသော ကလေးများအတွက် အဝလွန်လာနိုင်ခြေမှာ ပုံမှန်ထက် မြင့်မားနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဖုန်းမျက်နှာပြင်အပေါ် အာရုံရောက်နေမှုကြောင့် ဗိုက်ပြည့်၍ ပြည့်မှန်းမသိတော့မှုပြဿနာနှင့် မိသားစုလက်ဆုံထမင်းစားမှု အလေ့အထ ကျဆင်းလာမှုတို့ကြောင့် ကလေးဘဝ အဝလွန်မှုပြဿနာပို၍ကြီးထွားလာသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန်နိုင်ငံ၌ အသက် ၁၁ နှစ်အရွယ် ကလေးစုစုပေါင်းအနက် ၉၁ ရာခိုင်နှုန်းမှာ စမတ်ဖုန်းများ ကိုယ်စီပိုင်ဆိုင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



နိုင်ငံတကာ
**အားကစားသတင်းများ**

# ပရီးမီးယားလိဂ်၌ အဝါကတ်အများဆုံးပြသခံရသည့် အသင်းအဖြစ် ချဲလ်ဆီးအသင်း မှတ်တမ်းဝင်

**လန်ဒန် မေ ၁၆**

ချဲလ်ဆီးအသင်းသည် ဘရိုက်တန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အဝါကတ်နှစ်ကြိမ်ပြသခံရပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် အဝါကတ် ၁၀၂ ကြိမ်ထိရှိလာခဲ့ပြီး အဝါကတ်အများဆုံး ပြသခံရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်း၊ စပါးအသင်းတို့နှင့် ကစားခဲ့သည့်ပွဲစဉ်များတွင် အဝါကတ်ပြသခံရခြင်းမရှိဘဲ ကျန်ပွဲစဉ်များတွင် အဝါကတ်ပြခံခဲ့ရပြီး ယခုပွဲစဉ်တွင်လည်း ကွင်းလယ်ကစားသမား ကာစီဒိုနှင့် တိုက်စစ်မှူး စတားလင်းတို့ အဝါကတ်ပြသခံရကာ ခံစစ်ကစားသမား ရီစီဂျိမ်းက တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသော်လည်း ဘရိုက်တန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဥရောပပြိုင်ပွဲဝင်ခွင့်ရရှိရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက လိဒ်ယူနိုက်အသင်းက အဝါကတ် ၁၀၁ ကတ်ဖြင့် အဝါကတ်အများဆုံး ပြသခံရသည့်အသင်းအဖြစ်ရပ်တည်နေသော်လည်း ယခုအခါ ချဲလ်ဆီးအသင်းက ဘောလုံးရာသီတစ်ခုအတွင်း အဝါကတ် ၁၀၂ ကြိမ်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့ပြီး ယခုနှစ်တွင် ပြိုင်ပွဲတစ်ခုအတွင်း အဝါကတ်အများဆုံး ပြသခံခဲ့ရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပွဲစဉ် ခုနစ်ပွဲတွင် တစ်ပွဲလျှင် အနည်းဆုံး အဝါကတ် ငါးကြိမ်ထိပြသခံခဲ့ရသည်။

ဥရောပထိပ်သီးလိဂ် ငါးခုတွင်လည်း ဂီတာဖေးအသင်းကအဝါကတ် ၁၂၁ ကြိမ်ဖြင့် အများဆုံးဖြစ်နေပြီး ချဲလ်ဆီးအသင်းက ၁၀၂ ကြိမ်ဖြင့် ဒုတိယမြောက်အဝါကတ်အများဆုံး ပြသခံရသည့်အသင်းအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ကိုပါအီတာလီယာဖလားဗိုလ်လုပွဲစဉ်တွင် အတ္တလန်တာအသင်းကိုအနိုင်ယူ၍ ဂျူဗင်တပ်အသင်း ချန်ပီယံဖလားဆွတ်ခူး



**ရောမ မေ ၁၆**

ကိုပါအီတာလီယာဖလားဗိုလ်လုပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းနှင့် အတ္တလန်တာအသင်းတို့ကစားခဲ့ရာ ဂျူဗင်တပ်အသင်းက တိုက်စစ်မှူး ဗလာဟိုဗစ်၏ သွင်းဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး ၁၅ ကြိမ်မြောက်ဆုဖလားကိုရရှိခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းသည် ကိုပါအီတာလီယာဖလားပြိုင်ပွဲ သမိုင်းတွင် ဗိုလ်လုပွဲသို့ ၂၂ ကြိမ် တက်ရောက်ခဲ့ရာ ၁၅ ကြိမ်ထိဆုဖလားရခဲ့သည့်မှတ်တမ်းကို ရရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီက အတ္တလန်တာအသင်းနှင့် ဗိုလ်လုပွဲတွင်တွေ့ဆုံခဲ့ရာ ဆုဖလားရယူခဲ့ပြီးနောက် ဆုဖလားနှင့်ဝေးကွာခဲ့ရသော်လည်း ယခုတစ်ကြိမ် အတ္တလန်တာနှင့် တွေ့ဆုံမှုတွင် နိုင်ပွဲရရှိခဲ့သဖြင့် သုံးနှစ်ဆက်တိုက် ဆုဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ခဲ့သည်။

ထို့ပြင် နည်းပြအယ်လီဂရီသည်လည်း ဂျူဗင်တပ်အသင်းနှင့် ကိုပါအီတာလီယာဖလား ငါးကြိမ်ထိရယူနိုင်ခဲ့သည့်အတွက် ကိုပါအီတာလီယာဖလားသမိုင်းတွင် ဆုဖလားလေးကြိမ်ရယူထားသည့် နည်းပြအဲရစ်ဆင်၊မန်စီနီတို့ကိုကျော်ဖြတ်၍ ဆုဖလားအများဆုံးရရှိခဲ့သည့် နည်းပြဖြစ်လာခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် ဂျူဗင်တပ်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာမရခဲ့သော်လည်း တန်ပြန်တိုက်စစ်ဖြင့် ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် လေးမိနစ်တွင် ကမ်ဘီယာဆို၏ဖြတ်တင်မှုမှ ဗလာဟိုဗစ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး အတ္တလန်တာအသင်းက ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်မှပြုလုပ်နိုင်ခဲ့ခြင်းမရှိဘဲ ပြိုင်ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

ဗလာဟိုဗစ်သည် ၂၀၂၂ ခုနှစ် ကိုပါအီတာလီယာဖလားဗိုလ်လုပွဲတွင် အင်တာမီလန်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ယခုပွဲစဉ်တွင်လည်း ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဂျူဗင်တပ်အသင်း၌ ဗိုလ်လုပွဲနှစ်ကြိမ်ဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် တတိယမြောက် ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# အီတလီစီးရီးအေ ပွဲစဉ် (၃၇) ပွဲကြိုသုံးသပ်ချက်

**M L**

**တိုရီနို Vs အေစီမီလန်**

**ကစားမည့်ရက်/အချိန် ၁၉-၅-၂၀၂၄ (နံနက် ၀၁:၁၅နာရီ)**
**ပထမအကျော့တွေ့ဆုံမှုရလဒ်**
**အေစီမီလန် ၄ – ၁ တိုရီနို**
**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **တိုရီနို** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |
| **အေစီမီလန်** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

တိုရီနိုဟာ ဥရောပဝင်ခွင့်မျှော်လင့်နိုင်သေးလို့လက်ကျန်ပွဲစဉ်တွေကို အာရုံစိုက်ကစားနေပေမဲ့ တိုက်စစ်ပိုင်းကတော့ နောက်ဆုံးအိမ်ကွင်းခြောက်ပွဲမှာတစ်ဂိုးသာရခဲ့ပါတယ်။ အခုပွဲစဉ်ဟာ အေစီမီလန်အတွက် အရေးမကြီးတော့ပေမဲ့ တိုက်စစ်နဲ့ ကစားသမားစုဖွဲ့မှုကအသာစီးမှာရှိနေလို့ ခြေစွမ်းပိုင်းသာလွန်နေတဲ့ အေစီမီလန်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – တိုရီနို ၁ – ၃ အေစီမီလန်**

## အားကစားသတင်းအတိုအထွာများ

- ဘရာဇီးနိုင်ငံ ရီယိုဂရန်ဒီဒိုဆူလ်ပြည်နယ် ရေကြီးမှုကြောင့် ဘရာဇီးထိပ်သီးကလပ် ဒုတိယအကျော့ပွဲစဉ်များကို ရွှေ့ဆိုင်းလိုက်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။
- စကော့တလန်အမှတ်ပေးပြိုင်ပွဲတွင် ကယ်မာနော့အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည့် ဆဲလ်တစ်အသင်းက လက်ကျန်ပွဲတစ်ပွဲအလိုတွင် ဒုတိယနေရာမှ ရိန်းဂျားအသင်းကို ရမှတ်ခြောက်မှတ်ဖြတ်တောက်နိုင်ခဲ့သောကြောင့် ပြိုင်ပွဲမပြီးဆုံးမီ အမှတ်ပေးချန်ပီယံဆုရရှိခဲ့ပြီး သုံးနှစ်ဆက်ဆုဖလားရယူနိုင်ခဲ့ကြောင်း သိရသည်။
- လေဗာကူဆင်အသင်း ခံစစ်ကစားသမား ဖရင့်ပေါင်ကိုခေါ်ယူမည့်အသင်းများတွင် မန်စီးတီးအသင်းပါဝင်လာခဲ့ပြီး ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးမှာ စတာလင်ပေါင် ၃၄ သန်းသာရှိကြောင်း သိရသည်။ **ML**

# PGA Championship ပြိုင်ပွဲတွင် မက်အီလ်ရွိုင်းပါဝင်ယှဉ်ပြိုင်မည်

**နယူးယောက် မေ ၁၆**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင်ကျင်းပမည့် ဂေါက်သီးရိုက်လောက၏ အဓိကပြိုင်ပွဲတစ်ရပ်ဖြစ်သည့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့အဆင့်(၂)နေရာတွင်ရပ်တည်နေသည့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက ယနေ့တွင် ပြောကြားခဲ့သည်။

မက်အီလ်ရွိုင်းသည် ဇနီးဖြစ်သူနှင့် တရားဝင်ကွာရှင်းမှုပြုလုပ်ရန် တရားရုံးတွင် အမှုကိစ္စရပ်များ ဆောင်ရွက်နေပြီး လေ့ကျင့်ချိန်နည်းနေသော်လည်း PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မက်အီလ်ရွိုင်းက "ကျွန်တော့်မှာ လူမှုရေးပြဿနာလေးတွေရှိနေတယ်ဆိုပေမဲ့ PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကျင်းပသွားမဲ့ ဂေါက်ကလပ်မှာ ကျွန်တော်မကစားဖြစ်တာ အနည်းဆုံး ၁၀ နှစ်လောက်ရှိပြီ။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ကျွန်တော့်မှာ ယုံကြည်မှုအပြည့်ရှိပါတယ်။ ပုဂ္ဂိုလ်ရေးပြဿနာတွေကို ကွင်းပြင်ပမှာထားခဲ့ပြီးတော့ ကွင်းထဲမှာပြိုင်ပွဲအတွက်ပဲ အဓိကအာရုံစိုက်သွားပါမယ်။ လက်ရှိရတဲ့အရှိန်ကိုလည်း ဆက်လက် ထိန်းသိမ်းနိုင်အောင် ကြိုးစားသွားပါမယ်။ ဒီပြိုင်ပွဲပြီးတော့မှ ကျွန်တော့်ရဲ့ လူမှုရေးပြဿနာတွေကို အမြန်ဆုံးပြီးသွားအောင် ဖြေရှင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အီတလီအသင်းနှင့် အေဗီလာအသင်း ကွင်းလယ်ကစားသမား ဇန်နီအိုလို ခြေဖဝါးဒဏ်ရာကြောင့် ယူရိုပြိုင်ပွဲနှင့် လွဲချော်မည်ဟုဆို

**လန်ဒန် မေ ၁၆**

ကွင်းလယ်ကစားသမား ဇန်နီအိုလိုသည် အေဗီလာအသင်းနှင့် လီဗာပူးအသင်းတို့သုံးဂိုးစီ သရေရလဒ်ကစားခဲ့သည့်ပွဲစဉ်၌ ခြေဖဝါးဒဏ်ရာရရှိခဲ့သည့်အတွက်လာမည့် ဇွန်လတွင် ကျင်းပသွားမည့် ယူရိုပြိုင်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ဇန်နီအိုလိုသည် တူကီယံကလပ် ဂါလာတာစာရေးအသင်းမှ အေဗီလာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် လာရောက်ကစားနေသူဖြစ်ပြီး လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ပွဲချိန် ၆၅ မိနစ်တွင် အသင်းဖော်ကစားသမား တိုင်လီမန်နှင့်လူစားလဲကစားခဲ့သော်လည်း ပွဲချိန် ၇၉ မိနစ်တွင် ခြေဖဝါးဒဏ်ရာကြောင့် ဒူရန်နှင့် ထပ်မံလူစားလဲခဲ့ရသည်။

လက်ရှိတွင် ဇန်နီအိုလို၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကာလရှည်အနားယူရမည်ဖြစ်သောကြောင့် ၎င်းအနေဖြင့် အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ယူရို ၂၀၂၄ ပြိုင်ပွဲကိုလွဲချော်မည်ဖြစ်ပြီး လက်ရှိချန်ပီယံအီတလီအသင်းသည် ယူရိုပြိုင်ပွဲ အုပ်စု(B) တွင် အယ်ဘေးနီးယားအသင်း၊ ခရိုအေးရှားအသင်း၊ စပိန်အသင်းတို့နှင့် ကျရောက်နေပြီး ဇွန် ၁၅ ရက်တွင် အယ်ဘေးနီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။



ဇန်နီအိုလိုသည် ပြီးခဲ့သည့် ယူရို ၂၀၂၀ ပြိုင်ပွဲကလည်း ဒူးအရွတ်ဒဏ်ရာပြဿနာကြောင့် အီတလီအသင်းတွင်ပါဝင်ခွင့်မရခဲ့ဘဲ ယခုတစ်ကြိမ်တွင်လည်း ခြေဖဝါးဒဏ်ရာကြောင့် ယူရိုပြိုင်ပွဲကိုထပ်မံလွဲချော်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ထူးချွန်ဆု ချီးမြှင့်ခြင်းခံရ




**ရန်ကုန် မေ ၁၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိသည့် (၃၄)ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ် ညီလာခံတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ထူးချွန်ဆုတစ်ခုဖြစ်သည့် AFC Distinguished Service Award ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

AFC Distinguished Service Awardဆုတံဆိပ်သည် အာရှဒေသဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်အားထက်သန်စွာ မဆုတ်မနစ်ထမ်းရွက်မှုများ၊ဘောလုံးအားကစားနှင့် လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် ထူးချွန်စွာဆောင်ရွက်ခဲ့မှုများအတွက်ဂုဏ်ပြုပေးအပ်သည့် ဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ထူးချွန်ဆုဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၏ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုများနှင့် အာရှဒေသ ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေး ထူးချွန်စွာဆောင်ရွက်ခဲ့မှုများအတွက် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပြီး FIFA ဥက္ကဋ္ဌ Mr.Gianni Infantino နှင့် AFC ဥက္ကဋ္ဌ Mr.Shaikh Salman Bin Ebrahim Al Khalifa တို့ကိုယ်တိုင် ဂုဏ်ထူးဆောင် စွမ်းဆောင်ရည် ထူးချွန်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ Senior Vice President အဖြစ် တာဝန်ယူဆောင်ရွက်နေပြီး AFC Social Responsibility ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊AFC Dream Asia Foundation ဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း အာရှဘောလုံးအဖွဲ့ချုပ်၏လူမှုရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **STA**

# M21 U-23 Futsal Cup Mandalay 2024ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်




**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး မန္တလေးမြို့ Min Khant Myanmar Sports Complex ၌ ကျင်းပခဲ့ကြောင်း သိရသည်။

M21 U-23 Futsal Cup Mandalay 2024ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီက Scary Owlsအသင်းနှင့် Linn Latt FC အသင်းတို့ကစားခဲ့ရာ Linn Latt FCအသင်းက Scary Owls အသင်းကို ၁၃ ဂိုး ခြောက်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီက Pyae Sone FCအသင်းနှင့် Top Unitedအသင်းတို့ ကစားခဲ့ရာ Pyae Sone FCအသင်းက Top Unitedအသင်းကို လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီက UPK FCအသင်းနှင့်MB United အသင်းတို့ကစားခဲ့ရာ MB United အသင်းက UPK FCအသင်းကို ၁၄ ဂိုး ၁၃ ဂိုးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီက Sun Shine FC အသင်းနှင့် Royal Brother အသင်းတို့ကစားခဲ့ရာ Sun Shine FCအသင်းက Royal Brother အသင်းကို ခုနစ်ဂိုး လေးဂိုးဖြင့် လည်းကောင်းအသီးသီးအနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့သည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို မေ ၁၈ ရက်တွင် လည်းကောင်း၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကို မေ ၂၀ ရက်တွင်လည်းကောင်း အသီးသီး ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# တရုတ်ယူ-၂၀ နှင့် မြန်မာယူ-၂၀အသင်း ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မေ ၁၆**

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ကြား ကြိုတင်ညှိနှိုင်းဆွေးနွေးမှုအရ မြန်မာယူ-၂၀အသင်းနှင့် တရုတ်ယူ-၂၀ အသင်းတို့ လာမည့် မေ ၃၀ ရက်နှင့် ဇွန် ၂ ရက်တို့တွင် တရုတ်နိုင်ငံ Xianghe မြို့၌ ကွင်းပိတ်ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၂၀ အသင်းသည် လာမည့် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အသက် ၁၉ နှစ်အောက် အာဆီယံဘောလုံးပြိုင်ပွဲနှင့်စက်တင်ဘာလတွင်ကျင်းပမည့် အသက် ၂၀ နှစ်အောက် အာရှဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို ဝင်ရောက်ယှဉ်ပြိုင်ရန် ကာလရှည်စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

မြန်မာယူ-၂၀ အသင်းကိုMFF ဘောလုံးအကယ်ဒမီထွက် ကစားသမားများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲမှကစားသမားများ၊မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများမှ လူငယ်ကစားသမားများဖြင့် စုဖွဲ့ထားပြီး နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

မြန်မာယူ-၂၀အသင်း၏ စခန်းသွင်း လေ့ကျင့်စဉ်ကာလအတွင်း မြန်မာနေရှင်နယ်လိဂ် ထိပ်တန်းကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်အသင်း၊ ဟံသာဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ **STA**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်များ

**STA**

**ယူနီယံဘာလင် Vs ဖရိုင်းဘတ်**

**ကစားမည့်ရက်/အချိန် ၁၈-၅-၂၀၂၄ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၀ – ၀ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ယူနီယံဘာလင်** | – | **ဧး(သရေ)** | **အိမ်(ရှုံး)** | **ဧး(ရှုံး)** |
| **ဖရိုင်းဘတ်** | – | **အိမ်(ရှုံး)** | **ဧး(သရေ)** | **အိမ်(သရေ)** |

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ယူနီယံဘာလင်အသင်းအတွက် တန်းမဆင်းရဖို့မျှော်လင့်ချက်ရှိနေသေးလို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ဖရိုင်းဘတ်အသင်းအတွက်တော့ အခုပွဲစဉ်ရလဒ်က အရေးမကြီးတော့သလို ခြေစွမ်းပိုင်းကလဲ အကျဘက်ရောက်နေပါတယ်။ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမယ့် ယူနီယံဘာလင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ယူနီယံဘာလင် ၁ – ၀ ဖရိုင်းဘတ်**

**ဝါဒါဘရီမင် Vs ဘိုချမ်**

**ကစားမည့်ရက်/အချိန် ၁၈-၅-၂၀၂၄ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုချမ် ၁ – ၁ ဝါဒါဘရီမင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဝါဒါဘရီမင်** | – | **ဧး(နိုင်)** | **အိမ်(သရေ)** | **ဧး(သရေ)** |
| **ဘိုချမ်** | – | **အိမ်(နိုင်)** | **ဧး(နိုင်)** | **အိမ်(ရှုံး)** |

အခုပွဲစဉ်မှာ ဝါဒါဘရီမင်အသင်းအတွက် ရမှတ်လိုအပ်ချက်မရှိတော့ဘူးဆိုပေမယ့် တန်းမဆင်းရဖို့အတွက် သရေတစ်မှတ်လိုအပ်နေတဲ့ ဘိုချမ်အသင်းအတွက်တော့ အမှားခံလို့မရပါဘူး။ ဝါဒါဘရီမင်အသင်းရဲ့ ခြေစွမ်းပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ အမှားများနေပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ တန်းဆင်းဇုန်ဖိအားရှိနေတဲ့ ဘိုချမ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝါဒါဘရီမင် ၁ – ၂ ဘိုချမ်**

# Italian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဇီရက်ဗ် တက်ရောက်

**ရောမ မေ ၁၇**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်အဖြစ် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်နှင့် အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဇီရက်ဗ်က (၆-၄ ၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇီရက်ဗ်သည် ပုံစံကောင်းရနေသည့် တေလာဖရစ်ဇ်ကို ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်၌ ချီလီတင်းနစ်ကစားသမား တာဘီလိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တာဘီလိုသည် ဒုတိယအဆင့်တွင် ကမ္ဘာ့အဆင့်(၁)တင်းနစ်ကစားသမား ဂျိုကိုဗစ်၊ တတိယအဆင့်တွင် ရုရှားကစားသမား ကာချန်နော့ဗ်တို့ကို အနိုင်ယူကျော်ဖြတ်လာကာ ကွာတားဖိုင်နယ်အဆင့်၌ တရုတ်တင်းနစ်ကစားသမား ကျီကျန်းကျန်ကိုအနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ခဲ့သည်။

ဇီရက်ဗ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် မြေစေးကွင်းတွင်ကျင်းပသည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်တိုင်းဒဏ်ရာပြဿနာနှင့်အမြဲကြုံတွေ့ရသူဖြစ်ပြီး ယခုနှစ် Italian Open တင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိဒဏ်ရာကင်းရှင်းလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

"စာအုပ်စာပေလူ့မိတ်ဆွေ"၊ "အလိမ္မာ စာမှာရှိ" ဆိုသည့်အတိုင်း လောကတွင် စာပေနှင့်တူသော အလင်းရောင်မရှိပေ။ ဗဟုသုတနှင့်အသိပညာတို့ကို စာအုပ်စာပေများမှသာ တူးဆွရှာဖွေရရှိနိုင်သည်။ စာကောင်းပေမွန်များကို အကျိုးရှိစွာရွေးချယ်ဖတ်ရှုနိုင်ရန်သည် လူသားတို့၏တာဝန်ပင်ဖြစ်သည်။ လူသားတို့သည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုခြင်းဖြင့် ဗဟုသုတများပြည့်ဝလာမည်ဖြစ်သည်။ ထိုဗဟုသုတများမှသည် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာအဆင့်ထိ တိုးတက်လာမည်ဖြစ်သည်။ စာအုပ်စာပေသည် လူသားအားလုံးကို အကျိုးပြုနေသည်ဆိုသော ပကတိအရှိတရားကို ကျွန်ုပ်တို့အားလုံးလက်ခံထားကြရမည်ဖြစ်သည်။

**အကျိုးကျေးဇူးများစွာ**

စာဖတ်သည့်အလေ့အကျင့်ရှိသူများသည် အသိပညာဗဟုသုတတိုးပွားခြင်း၊ မှတ်ဉာဏ်တိုးတက်ခြင်း၊ အာရုံစူးစိုက်မှုစွမ်းရည်တိုးတက်ခြင်း၊ စိတ်ကူးစိတ်သန်းကောင်းမွန်ခြင်း၊ ဖန်တီးနိုင်မှုစွမ်းအားကိုနိုးဆွပေးခြင်း၊ ကျန်းမာရေးတိုးတက်ကောင်းမွန်ခြင်း၊ အမှုကိစ္စတိုင်းကို ခေါင်းအေးအေးဖြင့်ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်တိုးတက်လာခြင်း၊ လောကအကြောင်းပိုမိုနားလည်လာခြင်း၊ မိမိလုပ်ဆောင်မည့်အရာတစ်ခုကို ကြိုတင်ပြင်ဆင်နိုင်ပြီး ပြတ်သားသည့်ဆုံးဖြတ်ချက်မှတ်နိုင်ခြင်း၊ အောင်မြင်သူများ၏အကြံဉာဏ်နှင့်ကျရှုံးသူများ၏လုပ်ရပ်များကိုသိထားသည့်အတွက် ဆင်ခြင်သင့်သည့်အရာများကို နားလည်နိုင်ခြင်း၊ လူမှုပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် ပေါင်းသင်းဆက်ဆံမှုမဟာဗျူဟာများ တိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိစေမည်ဖြစ်သည်။

စင်စစ်အားဖြင့် စာဖတ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ လူမှုဘဝမြင့်မားရေးအတွက် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုရန် လိုအပ်သည်။ အကျိုးပြုစာပေများကိုအချိန်ယူပြီး တဖြည်းဖြည်းချင်းဖတ်ရှုခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ လူတစ်ဦးချင်းစီ စာဖတ်နှုန်းတိုးတက်လာမှုကြောင့် ဒုစရိုက်လုပ်ငန်းများ လျော့ကျလာစေမည့်အပြင် တိုင်းပြည်တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုစေသည်။ စာဖတ်နာသောလူများဖြင့် စုစည်းတည်ဆောက်ထားသော လူ့အသိုက်အဝန်းသည် တိုးတက်မှုရှိနေမည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။

အထူးသဖြင့် ပညာတတ်ပေါကြွယ်ဝသောနိုင်ငံများသည် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်ကြသည်။ ပညာတတ်နည်းပါးသောနိုင်ငံများတွင်မူ နိုင်ငံရေးဆိုင်ရာသဘောထားကွဲလွဲမှုများကို နိုင်ငံရေးယဉ်ကျေးမှုဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ ပဋိပက္ခများဖြစ်ပေါ်လေ့ရှိသည်။ ထို့ကြောင့် လူတိုင်းစာတတ်မြောက်ပြီး စာဖတ်သူများ၊ ပညာတတ်များဖြစ်လာရန် လိုအပ်ပေသည်။

**စာကြည့်တိုက်များ**

အမှန်တော့ ကျောင်းစာကြည့်တိုက်များသည် ကျောင်းနေအရွယ်ကလေးငယ်များ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိရေးတွင် များစွာအရေးပါလျက်ရှိသည်။ တတ်နိုင်ပါက ကျောင်းစာကြည့်တိုက်များတွင် ကလေးငယ်များ ကြိုက်နှစ်သက်သည့် ရုပ်ပြစာအုပ်စာစောင်များ၊ ပုံပြင်စာအုပ်များ၊ ဉာဏ်စမ်းစာအုပ်များ၊ တက်ကျွမ်းစာအုပ်များ စသည်ဖြင့်ကဏ္ဍစုံစွာတင်ထားသင့်သည်။ ကျောင်းစာကြည့်တိုက်များကို အချိန်ပြည့်ဖွင့်ထားသင့်ပေသည်။ သက်ဆိုင်ရာကျောင်းအုပ်ကြီးများကလည်း ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်ဝင်နိုင်ရေးအတွက် စီမံထားသင့်ပေသည်။ ကျောင်းပိတ်ရက်များတွင် ကလေးများကို စာအုပ်ငှားပေးသင့်သည်။ လစဉ်စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများကျင်းပပေးမည်ဆိုလျှင် ကလေးများ၏စာဖတ်နှုန်းသည် သိသိသာသာတိုးတက်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် ဟားဗတ်တက္ကသိုလ်ရှိ စာကြည့်တိုက်တွင် နံနက် ၃ နာရီထိ စာဖတ်သူများရှိနေသည်ဟုဆိုသည်။ ထိုမျှစာဖတ်သူများသည် မတိုးတက်စရာအကြောင်းမရှိချေ။

ထို့ပြင် ရုံး၊ ဌာနများတွင်လည်း စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိသင့်ပြီး လုပ်ငန်းနှင့်ဆက်စပ်သော စာအုပ်များအပြင် ဝန်ထမ်းများအသိပညာဗဟုသုတတိုးပွားစေမည့် သုတရသစာအုပ်စာပေများထားရှိပေးသင့်သည်။ အထူးသဖြင့် လစဉ်ထုတ်စာအုပ်စာစောင်များ ဝယ်ယူဖြည့်ဆည်းထားမည်ဆိုလျှင် စာကြည့်တိုက်သည် သက်ဝင်လှုပ်ရှားနေမည်ဖြစ်ပြီး ဝန်ထမ်းများ၏တွေးခေါ်မြော်မြင်နိုင်စွမ်းမှာလည်း မြင့်တက်လာမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နိုင်ပြီး လူ့အသိုက်အဝန်းကို အကျိုးပြုနိုင်မည်ဖြစ်သည်။ အထူးသဖြင့် တိုင်းပြည်တိုးတက်ရေးလုပ်ငန်းစဉ်များတွင် အပြုသဘောဆောင်စွာ ပါဝင်ထမ်းဆောင်လာနိုင်မည်ဖြစ်သည်။

**စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိမိတို့နိုင်ငံအနေဖြင့် ပညာရည်မြှင့်တင်ရေးလှုပ်ရှားမှုများကို မဖြစ်မနေအားပေးမြှင့်တင်ရန်လိုအပ်သောကြောင့် ပြည်ထောင်စုနယ်မြေနေပြည်တော်မှအစပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်"စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"များကို ဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်မှုနှင့်ပတ်သက်၍ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည်ဖြစ်သော်လည်း အဆိပ်အတောက်သတင်းအချက်အလက်များလွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကိုအကျိုးရှိစေမည့်စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လိုကြောင်း၊ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုနိုင်ကြောင်း၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အမှန်တကယ်အကျိုးဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ထားရှိနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း တိုက်တွန်းပြောကြားသွားခဲ့သည်။

❖ စင်စစ်အားဖြင့် တိုးတက်သောနိုင်ငံများမှ နိုင်ငံသားများသည် စာဖတ်အားကောင်းကြသည်။ ခရီးသွားနေသည့် အချိန်မျိုးမှာပင်လျှင် လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်ထားလေ့ရှိကြသည်။ လေဆိပ်နှင့် ဘူတာများ၌ ခရီးတစ်ထောက်နားသည့်အချိန်မျိုး၌ပင်လျှင် စာအုပ်ဖတ်နေတတ်ကြသည်။ လေယာဉ်၊ ရထား၊ ကား၊ သင်္ဘောများပေါ်ရောက်သည်နှင့် စာအုပ်ဖွင့်ဖတ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ကလေးငယ်များကိုလည်း အနာဂတ်၏ခေါင်းဆောင်များဖြစ်လာအောင် ငယ်စဉ်ကတည်းက စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနေအောင် လေ့ကျင့်ပျိုးထောင်ပေးထားသင့်သည်။ ❖

ထို့ကြောင့် စာကြည့်တိုက်များရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆောက်အအုံ (Building)၊ စာအုပ်စာစောင်များ (Books)၊ စာကြည့်တိုက်ဆိုင်ရာ အသိဉာဏ်ပညာ (Brain)၊ စာငှားသူ (Borrowers)၊ ရန်ပုံငွေ (Budget) ဟူသည့် စံငါးရပ်သတ်မှတ်ထားရှိသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရသည် စာကြည့်တိုက်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက် ၁၄၇ တိုက်အတွက် ငွေကျပ်သိန်းပေါင်း ၂၂၀၅၀ နှင့် စာအုပ်စာစောင် ၇၀၇၈၀ လှူဒါန်းထားရှိပြီးဖြစ်သည်။

**ဖြည့်ဆည်းပေးသွားမည်**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက် ၆၁၀၆ တိုက်ရှိခဲ့သော်လည်း လက်ရှိအချိန် တွင် စာကြည့်တိုက် ၃၅၀၈ တိုက်သာကျန်ရှိပြီး ၂၅၉၈ တိုက်မှာရပ်နားခဲ့ရသည်။ ထို့ကြောင့် ရပ်နားထားသည့် စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်ရေး၊ စာကြည့်တိုက်များ အသစ်တည်ထောင်ဖွင့်လှစ်ရေး၊ ပြည်သူများ စာပေဖတ်ရှုလေ့လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်စာစောင်များ ဖြန့်ဝေရေး စသည့်လုပ်ငန်းစဉ် လေးရပ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀၊ မြို့ပေါင်း ၄၇၁ မြို့ရှိသည့်အတွက် စုစုပေါင်း ၈၀၁ မြို့၊ ရပ်ကွက်ပေါင်း ၃၄၈၅ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၁၀ ရှိသဖြင့် နိုင်ငံတွင်း၌ စာကြည့်တိုက်ပေါင်း များစွာဖွင့်လှစ်ပေးရန်နှင့် စာကြည့်တိုက်အင်္ဂါရပ်များနှင့် ပြည့်စုံအောင်အဆောက်အအုံများနှင့် လိုအပ်သည့် အသုံးအဆောင်များ၊ စာအုပ်များဖြည့်ဆည်းပေးသွားရန် လိုအပ်လျက်ရှိသည်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများအတွက် အမှန်တကယ် အထောက်အကူဖြစ်စေမည့် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ် ဝယ်ယူဖြည့်တင်းပေးသွားသင့်ပေသည်။

**လူငယ်များနှင့်စာဖတ်ခြင်း**

အမှန်တော့ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ပင်ဖြစ်သည်။ စာဖတ်သည့် လူငယ်များသည် လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်သည်။ အထူးသဖြင့် ပညာတတ်လူငယ်များ ပေါများသည့်နိုင်ငံတွင် တိုးတက်မှုကို မြန်မြန်ဆန်ဆန်ဖော်ဆောင်နိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ်အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးငယ်များ၏တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များဗဟုသုတဖြစ်ဖွယ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြသည်။

ဆိုရလျှင် လူငယ်များသည်ပင်လျှင် စာကောင်းပေမွန်များကိုဖတ်ရှုထားလျှင် အမှားကျူးလွန်နိုင်မှုအခွင့်အလမ်းနည်းလာမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ ရင်သွေးငယ်များအား စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်သည့် အလေ့အထကောင်းများ မွေးမြူပေးထားသင့်သည်။ စာပေလေ့လာထားသည့် လူငယ်များပေါများသည့် နိုင်ငံသည် တိုးတက်ရန်အခွင့်အလမ်းကောင်းများရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ ကလေးငယ်များကို ငယ်စဉ်ကတည်းက ရွှေသွေး၊ မိုးသောက်ပန်းနှင့် တေဇရုပ်စုံစာအုပ်များ၊ ဗုဒ္ဓဖြစ်တော်စဉ်များ၊ ပုံပြင်စာအုပ်များဖြင့် စတင်မိတ်ဆက်ပေးသင့်သည်။ ကလေးငယ်များစာဖတ်သည့် အလေ့အထစွဲမြဲလာစေရန်သည် ကလေးများနှင့် လက်တစ်ကမ်းအကွာတွင် ကလေးစာပေများထားရှိပေးထားရန်ပင်ဖြစ်သည်။ အထူးသဖြင့် အားလပ်သည့် ရုံးပိတ်ရက်များတွင် မိသားစုလိုက်စာကြည့်တိုက်သွားသည့်အလေ့အထကို မွေးမြူသင့်သည်။ စာကြည့်တိုက်တွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီးတို့အတွက် စာအုပ်မျိုးစုံ တင်ထားပေးသင့်သည်။

**စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး**

စင်စစ်အားဖြင့် တိုးတက်သောနိုင်ငံများမှ နိုင်ငံသားများသည် စာဖတ်အားကောင်းကြသည်။ ခရီးသွားနေသည့် အချိန်မျိုးမှာပင်လျှင် လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်ထားလေ့ရှိကြသည်။ လေဆိပ်နှင့် ဘူတာများ၌ ခရီးတစ်ထောက်နားသည့်အချိန်မျိုး၌ပင်လျှင် စာအုပ်ဖတ်နေတတ်ကြသည်။ လေယာဉ်၊ ရထား၊ ကား၊ သင်္ဘောများပေါ်ရောက်သည်နှင့် စာအုပ်ဖွင့်ဖတ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ကလေးငယ်များကိုလည်း အနာဂတ်၏ခေါင်းဆောင်များဖြစ်လာအောင် ငယ်စဉ်ကတည်းက စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနေအောင် လေ့ကျင့်ပျိုးထောင်ပေးထားသင့်သည်။

ဆိုရလျှင် စာဖတ်သော ကလေးများသည် နှလုံးသားနူးညံ့သိမ်မွေ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတ္တနည်းပါးကြသည်။ အပြုသဘောဆောင်စွာ တွေးခေါ်တတ်ကြသည်။ ပတ်ဝန်းကျင်အပေါ် အကောင်းမြင်စိတ်ရှိကြသည်။ လူကြီးမိဘများအပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။ အခက်အခဲများကိုကျော်လွှားနိုင်ကြသည်။ တိုးတက်မှုကိုရှာဖွေနိုင်ကြသည်။ ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိကြသည်။ အရေးကြီးသောဆုံးဖြတ်ချက်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စင်စစ်အားဖြင့် စာဖတ်သောကလေးငယ်များသည် ဘဝခရီးလမ်းတွင် တိုးတက်ပြီးရင်း တိုးတက်လျက်ရှိကြသည်။ ထိုကလေးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများတွင် တာဝန်သိနိုင်ငံကြီးသားပီသစွာဖြင့် တတ်စွမ်းသရွေ့ ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**-၇-၅-၂၀၂၄ နှင့် ၁၀-၅-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများ။**

မောင်သောင်းဝင်း(တမန်ဟောင်း)

# ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် တောင်တော်အပ်ပွဲ ပြုလုပ်သွားမည်



**ကျိုက်ထို မေ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် မေ ၂၂ ရက် (ကဆုန်လပြည့်နေ့)၌ တောင်တော်အပ်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြ၍ သိရသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ပြီးခဲ့သည့် နိုဝင်ဘာလမှ စတင်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုမှု နေ့စဉ်များပြားလျက်ရှိပြီး လက်ရှိကာလတွင် ယခင်ကာလများထက် ဘုရားဖူးလျော့နည်းနေသော်လည်း နေ့စဉ်ဘုရားဖူးများ လာရောက်လျက်ရှိသည့်အတွက် ကျိုက်ထီးရိုးတောင်တော်ပေါ်သို့ နေ့စဉ်တောင်တက်ကားအစီးရေ ၁၀၀ ခန့်ကို အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ မိုးကာလ ဘုရားဖူးများအတွက် ဟိုတယ်၊ တည်းခိုခန်းများနှင့် အခမဲ့တည်းခိုဆောင်များ၊ စားသောက်ဆိုင်ခန်းများကို စုံလင်စွာ ဖွင့်လှစ်ထားကြောင်း သိရသည်။

"ကျိုက်ထီးရိုးစေတီတော်ပွဲတော်ကတော့ သီတင်းကျွတ်လပြည့်နေ့စပါတယ်။ သီတင်းကျွတ်လပြည့်နေ့မှာ တောင်တော်ဖွင့်ပွဲလုပ်ပါတယ်။ ကဆုန်လပြည့်နေ့မှာ ဘုရားပွဲတော်ပိတ်ပွဲနဲ့ တောင်တော်ပိတ်ပွဲအခမ်းအနား ကျင်းပလေ့ရှိပါတယ်။ ဒီနှစ်ကတော့ တစ်နှစ်ပတ်လုံး ဘုရားဖူးတွေရှိနေတဲ့အတွက် မိုးကာလ ဘုရားဖူးတွေ အန္တရာယ်ကင်းစေဖို့ ကဆုန်လပြည့်နေ့မှာ တောင်တော်အပ်ပွဲကို အကျဉ်းချုံးပြီးတော့ ကျင်းပသွားဖို့ရှိပါတယ်"ဟု ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြ၍ သိရသည်။ ASH

# 77 Blackout မှူခင်းအက်ရှင်ဇာတ်ကား၌ မာဟာရှာလာအလီနှင့် တွမ်ဟာဒီတို့ သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၆**

77 Blackout အမည်ရှိ မှုခင်းအက်ရှင်ဇာတ်ကားတွင် မင်းသား မာဟာရှာလာအလီနှင့် တွမ်ဟာဒီတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

77 Blackout ဇာတ်ကားကို ၁၉၇၇ ခုနှစ် နယူးယောက်မြို့တော်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကာရီဂျိုလီဖူကူနာဂါက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ ကာရီဂျိုလီဖူကူနာဂါသည် မင်းသား ဒန်နီယယ်ခရိတ် ပါဝင်ထားသည့် No Time To Die ကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

77 Blackout ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဖရင့်ဂျွန်ဟက်က တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် 77 Black-out ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# အတိတ်ဒိုင်ယာရီ ဇာတ်လမ်းတွဲသစ်ကို မေ ၁၈ ရက်တွင် M Entertainment ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မေ ၁၆**

အတိတ်ဒိုင်ယာရီ ရုပ်သံဇာတ်လမ်းတွဲသစ်ကို မေ ၁၈ ရက်တွင် M Entertainment ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ထွန်းထွန်းက ပြောပြ၍ သိရသည်။

အတိတ်ဒိုင်ယာရီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မြတ်က ရေးသားထားပြီး ဒါရိုက်တာ ဖြိုးဇံနှင့် မြတ်တို့က M Entertainment ရုပ်သံလိုင်း၏ Original Series အဖြစ် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးမှာတော့ ဦးကျော်စွာဆိုတဲ့ ဇာတ်ရုပ်နဲ့ ဖခင်တစ်ယောက်ရဲ့မေတ္တာကို ပြသရတဲ့ နေရာက ပါဝင်ဖြစ်ပါတယ်။ သိမ်ငယ်စိတ်၊ စိတ်မလုံခြုံမှုတွေနဲ့ လူတိုင်းကို အယုံလွယ်တတ်ပြီး မိဘမေတ္တာငတ်မွတ်ခဲ့တဲ့ သမီးလေး ရုတ်တရက် ဆုံးပါးသွားချိန်မှာ သိပ်ချစ်ရတဲ့ သမီးတစ်ယောက်အတွက် ဖြစ်ပေါ်လာတဲ့ သောကတွေ၊ သမီးသေဆုံးမှုရဲ့ဖြစ်ရပ်မှန်ကို ဖြေလှန်ရှာမယ်ဆိုတဲ့ ဒေါသတွေနဲ့ ဖခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတရားကို ဒီဇာတ်လမ်းတွဲမှာ မြင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် ထွန်းထွန်းက ပြောသည်။

မှုခင်းဒရာမာအမျိုးအစားဖြစ်သည့် အတိတ်ဒိုင်ယာရီ ရုပ်သံဇာတ်လမ်းတွဲသစ်တွင် သရုပ်ဆောင် ထွန်းထွန်း၊ ကူကူဇင်အောင်၊ စနိုးစံ၊ မျိုးဇေယျာဝင်း၊ မော်ကွန်းသစ်၊ မြတ်သူကို၊ တီတီ၊ မိုးသဲဖြူ၊ ရှိုင်ရန်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# The Mandalorian and Grogu ၌ မင်းသမီး ဆစ်ဂိုနီဝေဗာ ပါဝင်လာဖွယ်ရှိ

**နယူးယောက် မေ ၁၆**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ The Mandalorian and Grogu ဇာတ်ကားသစ်တွင် မင်းသမီး ဆစ်ဂိုနီဝေဗာ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

The Mandalorian and Grogu ဇာတ်ကားသည် Disney+ ၏ Mandalorian ရုပ်သံဇာတ်လမ်းတွဲကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Mandalorian and Grogu ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ဖက်ဗရော့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မင်းသမီး ဆစ်ဂိုနီဝေဗာသည် The Man-dalorian and Grogu ဇာတ်ကား၌ ပါဝင်ရေးအတွက် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း၊ သဘောတူညီချက်ရရှိခဲ့ပါက မင်းသမီး ဆစ်ဂိုနီဝေဗာသည် အထက်ပါဇာတ်ကား၌ မင်းသား ပက်ဒရိုပါစကယ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Mandalorian and Grogu ဇာတ်ကားကို ၂၀၂၆ ခုနှစ် မေ ၂၂ ရက်တွင် ရုံတင်ပြသရန် ဒစ္စနီးကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# သစ္စာဖြင့် စီရင်စေ ဇာတ်လမ်းတွဲကန်တော့ပွဲပေးပွဲ ဒဂုံမြို့နယ် အိမ်တော်ရာဘုရားတွင် ပြုလုပ်

**ရန်ကုန် မေ ၁၆**

Mahar Application မှ Original Series အဖြစ် ရိုက်ကူးထုတ်လုပ်မည့် သစ္စာဖြင့်စီရင်စေ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အိမ်တော်ရာဘုရားတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ရိုက်ကူးမည့် ဒါရိုက်တာ မင်းဦးက ပြောပြ၍ သိရသည်။

သစ္စာဖြင့် စီရင်စေ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သျှင်မကရေးသားထားပြီး ကကြိုးသျှင်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ မင်းဦးက Mahar Ap-plication အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ကျွန်တော် ပထမဆုံးရိုက်မှာ ဖြစ်ပါတယ်။ ဇာတ်လမ်းစပြီးလာပေးကတည်းက အစ်ကိုကြည့်ဖြစ်တော့ Actor တွေများတယ်။ အစ်ကို Actor များများရိုက်ရတာ အကျိုးပေးတယ် ပြောရမယ်။ အစ်ကို ရုပ်ရှင်ပထမဦးဆုံးစရိုက်တော့ ချူဆီ မင်းသား မင်းသမီး အများကြီးပေါ့။ အခု ဒီဇာတ်လမ်းကလဲ ရည်းစား သုံးလေးယောက်လောက် ထားကြတယ်။ မိသားစုတစ်ခုက ကလေးတွေရတယ်။ ဒါ့ပြင် မြေးတွေရလာတဲ့ထိဆိုတော့ သရုပ်ဆောင်ကများသွားတယ်ဆိုပေမဲ့ သူ့အပိုင်းနဲ့သူပေါ့။ ဒီဇာတ်လမ်းတွဲက ကျွန်တော်ရဲ့ Challenge တစ်ခုအနေနဲ့ ရိုက်ကူးရမဲ့ဇာတ်လမ်းတွဲလို့ ပြောလို့ရပါတယ်"ဟု ဒါရိုက်တာ မင်းဦးက ပြောပြသည်။

သစ္စာဖြင့် စီရင်စေ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ညီနန္ဒ၊ ကျော်ကျော်၊ နေထွန်း၊ မယ်လိုဒီ၊ လင်းဇာနည်ဇော်၊ ဆုပန်ထွာ၊ ဖူးစုံ၊ ရွှေသမီး၊ ချြလေး၊ မိုးပွင့်ဖြူ၊ ယွန်းဝင့်လွှာအောင်၊ ကျော်ဇင်ထွန်း၊ Kai ၊ Gu Gu၊ နှင်းဝတ်ရည်ကျော်၊ တာတာတို့နှင့် ကလေးသရုပ်ဆောင် ဇွဲဝေယံထက်၊ ရှင်ပြုခင်၊ နန်းကုဋေစံဦး၊ မိကြယ်စင်ကျော်ကျော်၊ ဟိန်းသီရိစံတို့အပြင် အထူးဧည့်သည်သရုပ်ဆောင် အကယ်ဒမီမြင့်မြင့်ခိုင်က ပါဝင်သရုပ်ဆောင်သွားမည်ကြောင်း သိရသည်။ ASH

# Finals of 2024 inter-state/region (men's and women's) volleyball tournaments and prize-giving ceremony held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing gave away prizes



Senior General Min Aung Hlaing presents cash award to the winning Shan State men's team.



Senior General Min Aung Hlaing presents cash award to the winning Mandalay Region women's team.

**Nay Pyi Taw May 16**

Finals of the 2024 inter-state/region (men's and women's) volleyball tourneys and prize-giving ceremony were held Wunna Theikdi Indoor Stadium C this morning attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing who also gave prizes.

Present together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, SAC members, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, managers, coaches and athletes of regions and states, ministry officials and staff, officials of Myanmar Volleyball Federation, sports enthusiasts.

The women's final match between Yangon Region and Mandalay was held and the two finalists put pressures on one another till the end of the match which ended in 3-0 in Mandalay Region's favour.

At the men's final, Shan State beat Kayin State 3-1 in the tough game.

At the prize-presentation ceremony, Union Minister at SAC Chairman's Office 2 U Ko Ko Hlaing, SAC members U Yan Kyaw and U Shwe Kyein presented cash awards and women's best player awards to the winners, and SAC members U Khun San Lwin, Dr Ba Shwe and Dr Hmu Htan, cash awards and men's best player awards to the winners.

SAC member U Poe Reh Aung Thein presented joint third prize and cash awards to Shan State and Kachin State women' teams, Daw Dwe Bu, joint third prize and cash awards to Mandalay Region and Union Territory Nay Pyi Taw men' teams, and SAC member Lt-Gen Yar Pyae, second prizes and cash awards to Yangon Region women's team and Kayin State men's team.

The Joint SAC Secretary presented individual medals to women's first-prize winner Mandalay Region and men's first-prize winner Shan State teams. *See Page 13*



The men's final match in progress.


A woman volleyball player receives award.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

The Senior General presented cash awards and championship trophies to Shan State men's team and Mandalay Region women's team and cordially greeted the volleyball players.

The volleyball tournaments were held from 7 to 16 May at Wunna Theikdi Indoor Stadium C with the aim of cementing friendship among players from states and regions, producing new generation national selections, and improving the country's volleyball standard. All together 13 men's teams and 12 women's teams from states and regions took part in the matches. 100



A women's volleyball match in progress.



A men's volleyball team receives cash award.



A women's volleyball match in progress



A woman volleyball player receives cash award.



A woman volleyball player receives award.



A woman volleyball player receives cash award.



A men's volleyball team receives cash award.

# More than 47,000 industries officially registered in 2024-25 FY

**Nay Pyi Taw May 16**

The Ministry of Industry stated that more than 47,000 private industries have been registered till the end of April in 2024-25-24 financial year.

The Industrial Supervision and Inspection Department provides systematic registration to private industries for their development.

In this regard, a total of 43,359 private industries were registered in 2013-14 financial year, compared to 47,609 industries in 2023-24 financial year. Within a decade, number of registered industries surged to 4,250.

In April 2024, 180 more industries were registered at the department. So, number of registered industries amounted to 47,789 by April 2024-25 financial year.

During the period, a total of 7,972 private industries were registered in Yangon Region, 6,710 in Mandalay Region and 5,565 in Ayeyawady Region.

Of them, Kayah State saw 277 registered private industries only.

The department issues SME member cards to registered private industries. It was reported that the department will issue temporary ID to these industries as the industries lose member cards and applied new SME cards, renewal of new cards and amending data.

Those wishing to apply for the temporary ID may apply www.msmewebportal.gov.mm and they have to pay relevant fees for SME member cards at the department. 336



A private industry in operation.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တရုတ်နိုင်ငံလေတပ်က H-6K ဗုံးကြဲလေယာဉ်မှ ဟိုက်ပါဆောနစ် ပဲ့ထိန်းဒုံးကျည်သစ်ကို ပစ်လွှတ်ခဲ့



တရုတ်နိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ် (PLAAF) က H-6K ဗုံးကြဲလေယာဉ်မှ ဟိုက်ပါဆောနစ် ပဲ့ထိန်းဒုံးကျည်သစ် 2PZD-21 ခေါ် ALBM ပထမဆုံး စမ်းသပ်ပစ်လွှတ်သော ဗီဒီယိုဖိုင်ပေါ်ထွက်လာခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဗီဒီယိုဖိုင်သည် ၂၀၂၄ ခုနှစ် မေ ၁ ရက်တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်၏ Port Wing Pylon လက်နက်သယ်ဆောင်ခန်း၌ ALBM ဒုံးကျည်တပ်ဆင်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပဲ့ထိန်းဒုံးကျည်သည် ဒုံးကျည်၏အင်ဂျင်စက်နှိုးခြင်းကို မပြသဘဲ စစ်ဆင်ရေးစွမ်းဆောင်ရည်နှင့် ပတ်သက်၍ သာဖော်ပြထားသည်။ အဆိုပါဗီဒီယိုတွင် လေယာဉ်မှူးနှင့် အမှုထမ်းများ၏ ပုံမှန်ပြင်ဆင်မှုများ၊ ပဲ့ထိန်းဒုံးကျည်အမျိုးအစားသစ်ဟုယူဆထားသည့် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို H-6K ဗုံးကြဲလေယာဉ်တွင် တပ်ဆင်နေမှု ထင်ရှားစွာပြသထားကြောင်း သိရသည်။

တရုတ်လေတပ် (PLAAF)သည် အလားအလာရှိသော ပြိုင်ဘက်နိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံ၏ ရေတပ်နှင့် လေကြောင်းသာလွန်မှုကို တန်ပြန်ရန် တောင်တရုတ်ပင်လယ်နှင့် ပစိဖိတ်ဒေသတစ်လျှောက် ၎င်း၏မဟာဗျူဟာမြောက်စွမ်းအားစုပိုင်ဆိုင်မှုများတွင် လက်လှမ်းမီမှုနှင့် ငြင်းဆိုနိုင်စွမ်းများကို မြှင့်တင်ရန် အာရုံစိုက်ကာ အဆင့်မြင့်လက်နက်များကို တက်ကြွစွာ တီထွင်လျက်ရှိသည်။

ဆိုဗီယက်ခေတ်ထုတ် Tu-16 Badger ဗုံးကြဲလေယာဉ်များ၏ ခေတ်မီအဆင့်မြင့်တားရှင်း H-6K မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်သည် ခရုဇ်ဒုံးကျည်များ၊ သင်္ဘောဖျက်ဒုံးကျည်များ၊ ပဲ့ထိန်းဒုံးကျည်များ သယ်ဆောင်တိုက်ပွဲဝင်နိုင်ခြင်းအပါအဝင် အခန်းကဏ္ဍများစွာကို ဖြည့်ဆည်းတာဝန်ထမ်းဆောင်နိုင်ရန် နှစ်ပေါင်းများစွာအတွင်း ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့ကြသည်။ အဆိုပါဗုံးကြဲလေယာဉ်တွင် အဆင့်မြင့်လေကြောင်းပျံသန်းမှုနည်းပညာများနှင့် တာဘိုဖန်အင်ဂျင်များ တပ်ဆင်အသုံးပြုထားပြီး စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မှုစွမ်းရည်များကို အဆင့်မြှင့်တင်ထားသည်။ ဒုံးကျည်သည် အထူးဒီဇိုင်းထုတ်ထားသော တောင်ပံအောက်ရှိ လက်နက်တပ်ဆင်သည့် (Underwing Pylon) အောက်ခံတိုင်မှပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး H-6K ဗုံးကြဲလေယာဉ်အတွက် လက်နက်စွမ်းအားစုများ၏ တိုးတက်ဖွံ့ဖြိုးမှုမှတ်တိုင်တစ်ခုလည်းဖြစ်သည်။

အဆိုပါ ဒုံးကျည်သစ်စမ်းသပ်ပစ်လွှတ်မှုနှင့်ပတ်သက်၍ H-6K ဗုံးကြဲလေယာဉ်၏ တောင်ပံအောက်တွင် 2PZD-21 ဟု အမည်သတ်မှတ်ထားသော ပဲ့ထိန်းဒုံးကျည်တစ်စင်း တပ်ဆင်ထားသည်ကို တွေ့ရှိခဲ့ရသဖြင့် အဆိုပါဒုံးကျည်သည် တရုတ်လေကြောင်းပြပွဲ ၂၀၂၂ ခုနှစ် (China Air Show 2022)တွင် ပြသခဲ့သောဒုံးကျည်ဖြစ်နိုင်ကြောင်းကာကွယ်ရေးကျွမ်းကျင်သူများက တွက်ချက်ခန့်မှန်းခဲ့ကြသည်။

**Chinese Air Force Launches New Hypersonic Missile from H-6K Bomber ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်၏ရေပန်းစားမှုက တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ကျဆင်းလာနေ

တရုတ်နှင့်ရုရှား နှစ်နိုင်ငံစလုံးသည် ပြီးခဲ့သောနှစ်က ကမ္ဘာတွင် ၎င်းတို့၏ အခိုင်အမာရပ်တည်မှုကို ပြသနိုင်ခဲ့သော်လည်း အမေရိကန်သည် အရှေ့အလယ်ပိုင်းနှင့် ဥရောပတွင်ပင် ၎င်းကိုထောက်ခံမှုကျဆင်းလာကြောင်း နိုင်ငံပေါင်း ၅၃ နိုင်ငံမှ စစ်တမ်းဖြေဆိုသူများထံမှ သိရသည်ဟု ရုရှားနိုင်ငံ RT သတင်းဌာနက မေ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Democracy Perception Index 2024 ဟု အမည်ပေးထားသည့် အဆိုပါစစ်တမ်းကို NATO အတွင်းရေးမှူးချုပ်ဟောင်း Anders Fogh Rasmussen ဦးဆောင်ပြီး Alliance of Democracy ကိုယ်စား ဂျာမနီကုမ္ပဏီ Latana က ပြုစုပေးခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင် ပဋိပက္ခကြောင့် အမေရိကန်ကို ထောက်ခံမှုကျဆင်းလာပြီး စစ်တမ်းကောက်ယူထားသော အာရှနှင့် အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိက (MENA) နိုင်ငံများတွင် ရုရှားနှင့် တရုတ်တို့ကို အမေရိကန်ကဲ့သို့ပင် တစ်တန်းတည်းထားလာကြောင်း သိရသည်။

ဘိုင်ဒင်အစိုးရစတင်အုပ်ချုပ်စဉ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် အနောက်ဥရောပနိုင်ငံ အများအပြားသည် အမေရိကန်အပေါ် အပျက်သဘောဆောင်သော သဘောထားအမြင်များဆီသို့ ပြန်လည်ရောက်ရှိလာနေကြသည်ဟု Latana ကုမ္ပဏီမှ အကြီးတန်းသုတေသီ Frederick De Veaux က ပြောကြားခဲ့သည်။ ယခင်က အပြုသဘောဆောင်သော ထောက်ခံသည့်သဘောထားများကို ပြောင်းပြန်လှန်၍ မထောက်ခံတော့သည့် နိုင်ငံများတွင် ဂျာမနီ၊ ဩစတြီးယား၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံနှင့် ဆွစ်ဇာလန်နိုင်ငံများပါဝင်ကြောင်း De Veaux က ပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယား၊ အီဂျစ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မော်ရိုကိုနှင့် တူကီယဲနိုင်ငံများတွင် အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာဂုဏ်သတင်းသည် ကျဆင်းခဲ့သည်။

ရုရှားနှင့် တရုတ်အပေါ် ဥရောပမှလွဲ၍ အခြားနိုင်ငံများ၏ သဘောထားများသည် တဖြည်းဖြည်း အပြုသဘောဆောင်လာသည်ဟု စစ်တမ်းက တွေ့ရှိခဲ့သည်။ ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ ရုရှားနှင့် စီးပွားရေးဆက်ဆံမှုဖြတ်တောက်ရန် အမေရိကန်နှင့် ဥရောပဒေသတို့မှလွဲ၍ ကျန်ကမ္ဘာ့နိုင်ငံများသည် ရုရှားနှင့် စီးပွားရေးချိတ်ဆက်မှုများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လိုကြသည်။




Democracy Perception Index သည် နိုင်ငံပေါင်း ၅၃ နိုင်ငံတွင် နှစ်စဉ်ပြုလုပ်လေ့ရှိသော စစ်တမ်းတစ်ခုဖြစ်သည်။ ယခုနှစ် သုတေသနသည် ဒီမိုကရေစီ၊ ပထဝီနိုင်ငံရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပါဝါကစားသမားများနှင့် ပတ်သက်သည့် ထင်မြင်ယူဆချက်များအတွက် ဖြေဆိုသူ ၆၃၀၀၀ ခန့်ကို စစ်တမ်းကောက်ယူခဲ့ခြင်းလည်းဖြစ်သည်။

**Popularity of US falling globally – report ကို ဘာသာပြန်ဆိုထားပါသည်။**

## KF-21 တိုက်လေယာဉ်စီမံကိန်းအတွက် ဘတ်ဂျက်လျှော့ချမှုအဆိုပြုချက်ကို တောင်ကိုရီးယားဘက်က ပြန်လည်စဉ်းစားနေ

တောင်ကိုရီးယားနိုင်ငံဦးဆောင်သည့် အင်ဒိုနီးရှားနိုင်ငံနှင့်ပူးတွဲတိုက်လေယာဉ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် KF-21 တိုက်လေယာဉ်စီမံကိန်းအတွက် အင်ဒိုနီးရှား၏ ဘတ်ဂျက်လျှော့ချမှု အဆိုပြုချက်ကို တောင်ကိုရီးယားနိုင်ငံဘက်က ပြန်လည်စဉ်းစားနေကြောင်း The Defense Post သတင်းဌာနက မေ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



စီမံကိန်း၏ ခန့်မှန်းကုန်ကျစရိတ်မှာ ယခင်က ကိုရီးယား ဝမ် ၈ ဒသမ ၁ ထရီလီယံ မျှော်မှန်းထားသော်လည်း အင်ဒိုနီးရှားထံသို့ နည်းပညာလွှဲပြောင်းမှု အခြေအနေမျိုးတွင် ဘတ်ဂျက်ထည့်ဝင်မှု လျှော့ချခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီက ပြောကြားထားသည်။

မကြာသေးမီက ကုန်ကျစရိတ်လျှော့ချမှုကြောင့် စီမံကိန်း၏လက်ရှိကုန်ကျစရိတ်သည် ကိုရီးယားဝမ် ၇ ဒသမ ၆ ထရီလီယံရှိမည်ဟု မျှော်မှန်းထားသဖြင့် ကိုရီးယားဝမ် ဘီလီယံ ၅၀၀ ခန့် သက်သာလာသောကြောင့် အင်ဒိုနီးရှားဘက်က ဘတ်ဂျက်လျှော့ချမှုအဆိုပြုချက်ကို တောင်ကိုရီးယားဘက်သို့ တင်သွင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် KF-21 တိုက်လေယာဉ်များကို ၂၀၂၆ ခုနှစ်တွင် ပထမဆုံးအသုတ်အနေဖြင့် တပ်တော်ဝင်အသုံးပြုနိုင်ရန် ခန့်မှန်းလုပ်ဆောင်နေခြင်းဖြစ်သည်။

KF-21 တိုက်လေယာဉ် အစီအစဉ်အတွက် တောင်ကိုရီးယား၏ ပြုပြင်ပြောင်းလဲမှု တစ်စိတ်တစ်ပိုင်းတွင် တိုက်လေယာဉ်၏ ပထမအသုတ်ကို အစီးရေ ၄၀ မှ ၂၀ ထိ လျှော့ချထားခဲ့သည်။ တိုက်လေယာဉ်တွင် နောက်ထပ် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်၊ ရေဒါပိုင်းဆိုင်ရာစွမ်းဆောင်ရည် စမ်းသပ်မှုများပြုလုပ်ရန် ဖြစ်ပေါ်လာနိုင်သည့် ကုန်ကျစရိတ်များကြောင့် အရေအတွက် လျှော့ချထုတ်လုပ်ရန် ၂၀၂၄ ခုနှစ် မတ်လတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကုန်ကျစရိတ်ပိုင်းတွင် မြင့်မားလာနိုင်ဖွယ်ရှိသည့် တိုက်လေယာဉ်များထုတ်လုပ်ခြင်းကို ရွေးချယ်ဆုံးဖြတ်ပြီးသား ဖြစ်နေသော တောင်ကိုရီးယားနိုင်ငံသည် ၂၀၃၂ ခုနှစ်တွင် မျိုးဆက်သစ် KF-21 တိုက်လေယာဉ် အစင်းရေ ၁၂၀ ကျော်ထိ ထုတ်လုပ်သွားနိုင်ရန် မျှော်မှန်းထားသည်။

အဆိုပါတိုက်လေယာဉ်များကို ကိုရီးယားသမ္မတနိုင်ငံလေတပ်၏ F-4 နှင့် F-5 တိုက်လေယာဉ်အုပ်များနေရာတွင် အစားထိုးအသုံးပြုမည်ဖြစ်ပြီး အဆိုပါ F-4 နှင့် F-5 တိုက်လေယာဉ်တချို့မှာ ၁၉၆၉ ခုနှစ်ကတည်းက တပ်တော်ဝင်အသုံးပြုခဲ့သော တိုက်လေယာဉ်များဖြစ်သည်။

**South Korea Mulls Indonesia's KF-21 Budget Cut Proposal ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပိုက်ဆန်လျှော် ဧက ၂၅၀၀ ရိတ်သိမ်းပြီးစီး



**မြောင်းမြ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပိုက်ဆန်လျှော် (သစ်စိမ်းမြေဩဇာ) ဧက ၂၅၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ပိုက်ဆန်လျှော် (သစ်စိမ်းမြေဩဇာ)ဧက ၂၅၀၀ လျာထားပြီး စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ပိုက်ဆန်လျှော် (သစ်စိမ်းမြေဩဇာ) များကို မတ်လ ပထမပတ်ကစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၂၅၀၀ အားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ပိုက်ဆန်လျှော် တစ်ဧကလျှင် ၇ ဒသမ ၅၄ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ် အနေနဲ့ ပိုက်ဆန်လျှော်ဧက ၂၅၀၀ ကို လျာထားပြီး စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ပိုက်ဆန်လျှော် ဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ စိုက်ပျိုးခဲ့တဲ့ ပိုက်ဆန်လျှော်က မျိုးစေ့အဖြစ်စိုက်တာပါ။ လာမဲ့ မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေဩဇာအဖြစ် အစားထိုးပြန်လည်အသုံးပြုသွားမှာဖြစ်ပါတယ်။ စပါးတွေစိုက်တဲ့အခါ ပိုက်ဆန်လျှော်ထည့်သွင်း စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာစွမ်းရည်နဲ့ ဂုဏ်သတ္တိမြင့်မားစေတာ၊ မြေဆီလွှာပိုးကျမှုလျော့စေတာ၊ ဓာတ်မြေဩဇာတွေ အသုံးပြုမှုကို လျော့နည်းစေတာ။ ဓာတ်မြေဩဇာတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာစေတာစတဲ့ အကျိုးကျေးဇူးတွေ ရရှိစေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အဆိုပါ ပိုက်ဆန်လျှော် (သစ်စိမ်းမြေဩဇာ) အပါအဝင် ဆောင်းသီးနှံများကို ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးအသင်းအဖွဲ့များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်တန်းမြို့နယ် ရွှေပြည်သစ်ကျေးရွာတွင် မြေသားရေကန်တိုးချဲ့တူးဖော်ပြီးစီးမှု စစ်ဆေး

**ကျောက်တန်း မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကုလားတန်ကျေးရွာအုပ်စု ရွှေပြည်သစ်ကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် မြေသားရေကန်အနက် တိုးချဲ့တူးဖော်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၃၃ သန်းဖြင့် ကုလားတန်ကျေးရွာအုပ်စု ရွှေပြည်သစ်ကျေးရွာတွင် မြေသားရေကန်အနက် တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး ကျေးရွာရေပေးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကျောက်တန်းမြို့နယ် ရွှေပြည်သစ်ကျေးရွာတွင် အလျား ၁၁၈ ပေ၊ အနံ ၁၅၁ ပေ၊ အနက် သုံးပေ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် ဧပြီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ရေကန်အနက် တူးဖော်ပေးနိုင်မှုကြောင့် မိုးရာသီတွင် ရေကန်အတွင်း ရေများစွာ သိုလှောင်နိုင်မည်ဖြစ်ကာ ကျေးရွာနေပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်ထံမှ သိရသည်။

**ကျော်စောဦး(မော်ရမ်းမြေ)**

# ပူတာအိုမြို့နယ် ရီကျော်ဒီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပူတာအို မေ ၁၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေး လုပ်ငန်းများဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့်ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ ရီကျော်ဒီကျေးရွာတွင် ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၅ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားပြီး ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၉၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရီကျော်ဒီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၆ ဦးကို ဒသမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၅-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၄၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၄-၂၀၂၅ ပညာသင်နှစ်"
### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/ လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ပညာရေးဝန်ကြီးဌာန

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံးအခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ်၂၀၂၄ ခုနှစ် မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ




## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)**
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး မေ ၁၆**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များက တာဝန်ယူထားသည့်ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ မှ ၂၅၆၈ သို့ရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ကိုယ်တိုင်လောင်းလှူလိုပါကလည်းကောင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်းကောင်း ဦးသက်နိုင်ထွန်း (၀၉-၄၀၂၀၀၁၀၆၉)၊ ဦးစိုးမိုးသိမ်း(၀၉-၉၇၀၈၂၃၆၈၈)၊ ဦးစိုးလှမြင့်(၀၉-၅၁၂၀၅၂၀)၊ ဦးတင်မောင်စိုး (၀၉-၂၅၀၈၆၂၁၅၈)သို့ မေ ၁၉ ရက် တနင်္ဂနွေနေ့ နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ လက်ခံဆောင်ရွက်ပေးနေကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မူမှန်ပြက္ခဒိန် ရောင်းချသွားမည်

**နေပြည်တော် မေ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၆-၁၃၈၇ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၄ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးအမှတ်(၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသူများအနေဖြင့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ကရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ရိုက်နှိပ်ဖြန့်ချိနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချရငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၇-၅-၂၀၂၄ (သောကြာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေး သဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ်(ကာလပေါ်) |

## နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရှမ်းပြည်နယ်
ဝန်ကြီးချုပ်
ဦးအောင်အောင်
ဆေးရုံ
ဆေးပဒေသာပင်
အတွက်
ထောက်ပံ့ငွေများ
ပေးအပ်စဉ်။

**နေပြည်တော် မေ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားများကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံဆေးပဒေသာပင်အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၅ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Swe Win Oo” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ရှောလီဝိုင်းရပ်ကွက်နေ ဆွေဝင်း(ခ) ကိုဆွေ(ခ) ကိုကိုလေးအား မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဖန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေသွယ်ကြည်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဒီပဲယင်းမြို့၌ ဆွမ်းခံကြွနေသော သံဃာတော် တစ်ပါးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာများရရှိ

ဒီပဲယင်းမြို့၌ ဆွမ်းခံကြွရောက်တော်မူသော သံဃာတော် တစ်ပါးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ




**နေပြည်တော် မေ ၁၆**

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့ကို အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုကို ညှိုးနွမ်းစေရန် ဘုရား၊ စေတီ၊ ပုထိုးများအား Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ သံဃာတော်များအား လုပ်ကြံသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည်ကို ပြည်သူများသိရှိပြီးဖြစ်သည်။

ယခုတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ ကုန်းသာဦးဘုန်းတော်ကြီးကျောင်းမှ ဘဒ္ဒန္တခေမာစာရ၊ သက်တော် ၅၀ နှစ်၊ သိက္ခာတော် နှစ်ဝါသည် မေ ၉ ရက် နံနက် ၇ နာရီခန့်တွင် မြို့အတွင်းသို့ ဆွမ်းခံကြွရောက်စဉ် ချမ်းသာကြီးဘုရားအနီးအရောက်၌ PDF အမည်ခံအကြမ်းဖက်သမား ငါးဦးက မော်တော်ဆိုင်ကယ်သုံးစီးဖြင့်ရောက်ရှိလာပြီး ဆွမ်းခံကြွနေသည့် ဆရာတော်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည့်ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီပဲယင်းမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်နေသည့် သံဃာတော်များအား အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မေ ၁၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EQM5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4Xအမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## “နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။”

## လက်ပံတန်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံတစ်ဦးကို သတ်ဖြတ်ခဲ့ပြီး ပြည်သူ ဦးရေ ၃၀ အား ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရေငံကျေးရွာတွင် မေ ၁၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေငံကျေးရွာမှ ဒေသခံ တစ်ဦးကို သတ်ဖြတ်ခဲ့ကာ ပြည်သူ ဦးရေ ၃၀ အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေငံကျေးရွာမှ ဒေသခံတစ်ဦးအား သတ်ဖြတ်ခြင်းနှင့် ပြည်သူ ဦးရေ ၃၀ ကို ဖမ်းဆီးခေါ်ဆောင်သွားသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ၎င်းရက်တွင် ရေငံကျေးရွာနှင့်အနီးဝန်းကျင်များတွင် အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိဘဲ မေ ၁၃ ရက်က ရေငံကျေးရွာနှင့် ထန်းတောကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ရန် ဆောင်ရွက်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ ထိခိုက်မှုမရှိစေရန်အတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများစွာဖြင့် ထွက်ပြေးသွားခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အကြမ်းဖက်သမားများ မိုင်းထောင်နေသည့်နေရာကို ရှင်းလင်းခဲ့ရာ လက်လုပ်မိုင်း သုံးလုံး၊ ဝိုင်ယာကြိုး သုံးခွေနှင့် ဘက်ထရီအိုးနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ထန်းတောကျေးရွာအနီးမှ ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသော အကြမ်းဖက်သမား အလောင်း နှစ်လောင်းနှင့်အတူ လက်လုပ်မိုင်းများ၊ ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မြေပြင်အခြေအနေနှင့်လွဲမှားနေသည့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများ အထင်အမြင် လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## မြင်းခြံမြို့နယ် ရွာရှည်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူ ငါးဦးကိုပါ သတ်ဖြတ်ခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားဖြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရွာရှည်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁၄ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ပြီး ပြည်သူ ငါးဦးကိုပါ သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်များတွင် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မြင်းခြံမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၁၄ ရက်တွင် ရွာရှည်ကျေးရွာအနီးသို့ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီး၊ လက်လုပ်လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သောတန်ပြန်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် ရွာရှည်ကျေးရွာအတွင်းသို့ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားအလောင်း တစ်လောင်း၊ လက်လုပ်လက်နက်ကြီး သုံးလက်နှင့် လက်နက်ငယ်နှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သမားများနှင့် တိုက်ပွဲဖြစ်ပွားစဉ်တွင် ၎င်းတို့၏ လက်လုပ်လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့မှုကြောင့် ရွာရှည်ကျေးရွာအတွင်းသို့ကျရောက်ခဲ့ပြီး နေအိမ်များ မီးလောင်ဖျက်စီးခဲ့ရကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်လုပ်ကြံရေးသားထားသည့် သတင်းမှားများသာဖြစ်ကြောင်း သတင်းရရှိသည်။

# ကင်ညာနိုင်ငံအလယ်ပိုင်းတွင် မြေပြိုကျမှုကြောင့် လူငါးဦးထက်မနည်း ပျောက်ဆုံးမှုဖြစ်ပွား



နိုင်ရိုဘီ မေ ၁၆

ကင်ညာနိုင်ငံအလယ်ပိုင်း ကီအမ်ဘူကောင်တီတွင် မေ ၁၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းကာ တောင်ကျရေများကြောင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး လူငါးဦးထက်မနည်း ပျောက်ဆုံးမှုဖြစ်ပွားခဲ့ကြောင်း ကင်ညာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုသည် ကီအမ်ဘူကောင်တီရှိ ကီမင်ဒီအက်စ်ကပ်မန့်ဧရိယာတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ၎င်းဧရိယာကိုလည်း အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားကြောင်း၊ မြေပြိုကျမှုကြောင့် ပျောက်ဆုံးနေသည့်ဒေသခံများကို ရှာဖွေနိုင်ရေးအတွက် စက်ယန္တရားကြီးများကို အသုံးပြု၍ မြေလှန်ရှာဖွေပေးနေကြောင်း၊ ပျောက်ဆုံးနေသူများကို အမြန်ဆုံးရှာဖွေပေးနိုင်ရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းအင်အား အမြောက်အမြားသုံးစွဲကာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း ကင်ညာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကီမင်ဒီအက်စ်ကပ်မန့်ဧရိယာမှာ မြေပြိုကျမှုဖြစ်ပွားခဲ့ပါတယ်။ မြေပြိုကျမှုကြောင့် လူ ငါးယောက်ထက်မနည်း ပျောက်ဆုံးနေပါတယ်။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက စက်ယန္တရားကြီးတွေအသုံးပြုပြီးတော့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ကြက်ခြေနီအသင်းက ဝန်ထမ်းတွေလဲ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီပေးနေပါတယ်"ဟု ကင်ညာကြက်ခြေနီအသင်းမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဘာရာဇီးအစိုးရက ရေဘေးသင့်ပြည်သူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့် ပံ့ပိုးသွားမည်

ဘရာစီးလီးယား မေ ၁၆

ဘရာဇီးနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ဒုက္ခရောက်နေသူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း မေ ၁၅ ရက်က အဆိုပါဒေသများသို့ ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗား သွားရောက်ကြည့်ရှုပြီးနောက် အစိုးရက သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် မေ ၁၅ ရက်က ၎င်း၏တတိယအကြိမ်မြောက် ခရီးစဉ်အဖြစ် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော နိုင်ငံတောင်ပိုင်းရှိ ဆော်လီယိုပိုလ်ဒိုမြို့သို့ရောက်ရှိခဲ့ပြီး ဒုက္ခရောက်နေသူများအတွက် ပံ့ပိုးရေးအစီအစဉ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

"လူတွေကို သူတို့ရဲ့ဘဝတွေပြန်လည်ထူထောင်ဖို့ ကြိုးပမ်းဆောင်ရွက်ရာမှာ ကျွန်တော်တို့အနေနဲ့ နှမြောနေမှာမဟုတ်ပါဘူး" ဟု သမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ ရီယိုဂရန်ဒီဒိုဆူပြည်နယ်တွင် ဖြီးခဲ့သည့်သီတင်းနှစ်ပတ်ကျော်က ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူ ၁၄၉ ဦး သေဆုံးပြီး လူပေါင်း သိန်းနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ ထို့ပြင် လူပေါင်းသောင်းနှင့်ချီ၍ ယာယီတဲများတွင် ခိုလှုံနေကြရပြီး လူဦးရေ ၁၀၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ရေဘေးသင့် မိသားစုပေါင်း ၂၄၀၀၀၀ ခန့်ရှိပြီး အဆိုပါ ဒုက္ခရောက်နေသူများကို အစိုးရက တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့်ပေးအပ်သွားမည့်အပြင် ပုဂ္ဂလိကကဏ္ဍမှ နေအိမ်များ ဝယ်ယူနိုင်မည့်အစီအစဉ်ကိုလည်း ကြေညာခဲ့ကြောင်း သိရသည်။

ပျက်စီးမှုအသေးစိတ်စာရင်းကို အစိုးရက တရားဝင်ထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း အစိုးရက အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနှင့် BRICS နိုင်ငံများအဖွဲ့ကလည်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ပံ့ပိုးရန် ကတိပြုထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အိန္ဒိယနိုင်ငံ၌ ဓာတ်အားပေးကဏ္ဍတွင် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကိုလျှော့ချပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အစားထိုးသုံးစွဲနိုင်ခဲ့

နယူးဒေလီ မေ ၁၆

အိန္ဒိယနိုင်ငံသည် ဓာတ်အားပေးကဏ္ဍတွင် အသုံးပြုနေသော ရုပ်ကြွင်းလောင်စာ ကျောက်မီးသွေးများကို ဆယ်စုနှစ်များအတွင်း ထက်ဝက်ထိ လျှော့ချလာနိုင်ပြီး ပြည့်ဖြိုးမြဲစွမ်းအင်များကို အစားထိုးသုံးစွဲနိုင်ခဲ့ကြောင်း အမေရိကန်အခြေစိုက် စွမ်းအင်စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု (IEEFA) အစီရင်ခံစာ၏ ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်များကတည်းက ကျောက်မီးသွေးကို နိုင်ငံ၏အဓိကလောင်စာအဖြစ် အသုံးပြုခဲ့သော နိုင်ငံဖြစ်ပြီး ယခုအခါ ရုပ်ကြွင်းလောင်စာဖြစ်သော ကျောက်မီးသွေး အသုံးပြုမှုကို လျှော့ချကာ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ၁၃၆၆၉ မဂ္ဂါဝပ်ထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

"ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ နေရောင်ခြည်စွမ်းအင်သုံးပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှာ အိန္ဒိယဟာ အတော်ခရီးရောက်လာပြီလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် အိန္ဒိယရဲ့အနာဂတ်ရည်မှန်းချက်ဟာ အခုအခါ လက်တွေ့ဖြစ်လာပါပြီ"ဟု အာရှပရိုဂရမ်ဒါရိုက်တာ Aditya Lolla က ပြောကြားသည်။



အမေရိကန်အခြေစိုက်စွမ်းအင်စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု (IEEFA) နှင့် JMK Research မှထုတ်ပြန်သော အစီရင်ခံစာအရ အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို ထက်ဝက်လျှော့ချရန် ရည်မှန်းထားသည့်အတိုင်း ရုပ်ကြွင်းလောင်စာအသုံးပြုမှုကိုလျှော့ချနိုင်ခဲ့ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အစားထိုးသုံးစွဲနိုင်ခဲ့သဖြင့် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကျောက်မီးသွေးအသုံးပြုမှုကို လုံးဝရပ်တန့်လိုက်သည်မဟုတ်ဘဲ တချို့သောလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပိုင်းတွင် ကျောက်မီးသွေးဖြင့်ဆက်လက်ထုတ်လုပ်နေကြောင်း၊ သို့သော်လည်း ယခင်အသုံးပြုမှု၏ ထက်ဝက်ထိ လျှော့ချလာနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# လွန်ကဲသောရာသီဥတုဖြစ်စဉ်များက ဦးနှောက်ကျန်းမာရေးကို ထိခိုက်စေ

လန်ဒန် မေ ၁၆

လွန်ကဲသော ရာသီဥတုဖြစ်စဉ်များသည် အာရုံကြောဆိုင်ရာ အခြေအနေများကို ကမောက်ကမဖြစ်စေပြီး ဦးနှောက်ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း University College London မှ သုတေသီများက တွေ့ရှိခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သဘာဝပတ်ဝန်းကျင်ဖောက်ပြန်ပြောင်းလဲလာမှုများနှင့် အာရုံကြောဆိုင်ရာ ကျန်းမာရေးတို့ကြားတွင် ဆက်စပ်မှုရှိကြောင်း၊ ရာသီဥတုဖြစ်စဉ်များ အစွန်းရောက်လာခြင်းကြောင့် လေဖြတ်ခြင်း၊ အယ်လ်ဇိုင်းမားရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဝက်ရူးပြန်ရောဂါနှင့် အာရုံကြောစနစ်များ ကမောက်ကမဖြစ်မှုများဖြစ်စေကြောင်း University College London မှ သုတေသီများက လေ့လာမှုရာပေါင်းများစွာပြုလုပ်ပြီးနောက် အာရုံကြောဆိုင်ရာဆေးပညာဂျာနယ် The Lancet Neurology တွင် ရေးသားဖော်ပြခဲ့ကြသည်။

"ဦးနှောက်ကျန်းမာရေးကို ထိခိုက်စေတဲ့ သက်ရောက်မှုရှိစေတဲ့ရာသီဥတုပြောင်းလဲမှုတွေမှာ အပူချိန်လွန်ကဲတာတွေ၊ ရက်တရက်ပူလွန်း၊ အေးလွန်းတာတွေ ပါဝင်ပါတယ်" ဟု Sanjay Sisodiya University College London မှ Genomics ဒါရိုက်တာ ပါမောက္ခက ပြောကြားခဲ့သည်။

သုတေသီများ၏ လေ့လာမှုများအရ ရာသီဥတုဖြစ်စဉ်များလွန်ကဲလာသောအခါ လူသားများ၌ စိုးရိမ်ပူပန်မှု၊ စိတ်ဓာတ်ကျခြင်းနှင့် Schizophrenia ကဲ့သို့အဖြစ်များသော စိတ်ရောဂါဆိုင်ရာရောဂါများကို ဖြစ်စေသည့်အပြင် လေဖြတ်ခြင်းနှင့် အာရုံကြောစနစ်များကို ကမောက်ကမဖြစ်စေသည်ကိုလည်း ဖြစ်စေကြောင်း တွေ့ရှိခဲ့သည်။

ပူပြင်းသောညများသည် အိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေသောကြောင့် ညအချိန်အပူချိန်သည် အထူးအရေးကြီးကြောင်း၊ လူတစ်ဦးအိပ်စက်ရန်အတွက် ခန္ဓာကိုယ်၏အပူချိန် အနည်းငယ်ကျဆင်းရန် လိုအပ်ကြောင်း၊ အိပ်ရေးပျက်ခြင်းက ဦးနှောက်ကျန်းမာရေးကို ထိခိုက်စေကြောင်း၊ ရာသီကိုလိုက်ပြီး အဝတ်အစားများကို လိုက်လျောညီထွေဖြစ်အောင် ဝတ်ဆင်ခြင်းက ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို လျှော့ပါးသက်သာစေကြောင်း၊ မြင့်မားသောအပူချိန်များနှင့် အပူလှိုင်းများကြောင့် လူသားများတွင် သေဆုံးမှုနှုန်းတိုးလာကြောင်း လေ့လာမှုများအရ သုတေသီများက မှတ်ချက်ပြုခဲ့သည်။

Ref : Russia Today

Trs : KZ

# တရုတ်နိုင်ငံ၌ စွမ်းအင်ကဏ္ဍကို ထိရောက်သောပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေး အရှိန်မြှင့်တင်သွားမည်

ပေကျင်း မေ ၁၆

တရုတ်နိုင်ငံ၌ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှုသုညမှတ်သို့ရောက်ရှိရေးအတွက် အရေးကြီးဆုံးသောကဏ္ဍဖြစ်သည့် စွမ်းအင်ကဏ္ဍကို ထိရောက်သောပြောင်းလဲမှုများဆောင်ရွက်နိုင်ရေး အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စွမ်းအင်ကဏ္ဍတွင် ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို လျှော့ချသွားနိုင်ရန် ပစ်မှတ်ထားလာပြီး ၂၀၂၅ ခုနှစ်အရောက်တွင် ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို သတ်မှတ်ပမာဏသို့ ရောက်အောင် လျှော့ချသွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မရှင်က ထုတ်ပြန်သွားခဲ့သည်။

"တရုတ်နိုင်ငံရဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက်အရ ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို လျှော့ချသွားမှာဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်အရောက်မှာ ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချသွားနိုင်ဖို့ အဓိကပစ်မှတ်ထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နှစ်စဉ် တစ်နှစ်ကို ကျောက်မီးသွေးလောင်စာ မက်ထရစ်တန်ချိန် ၁၀၀၀၀ ထိ သုံးစွဲနေပြီးတော့ ၂၀၂၅ ခုနှစ်မှာ ကျောက်မီးသွေးလောင်စာ သုံးစွဲမှုကို မက်ထရစ်တန်ချိန် ၅၀၀၀ ထိ လျှော့ချနိုင်ဖို့အတွက် အရှိန်မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ ယောင်ကျိုက ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း၌လည်း ကျောက်မီးသွေးလောင်စာသုံးစွဲမှု လျော့ကျလာခဲ့ပြီး စွမ်းအင်ကဏ္ဍပြောင်းလဲမှုကို စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ရာခိုင်နှုန်းဖြင့် နှိုင်းဆ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

Ref : Xinhua News

Trs : Sai Sat

ခရီးသွားဆောင်းပါး

# ဤခရီးအနီးလေးမဟုတ်ပါ

သက်နိုင်(ပြင်ဦးလွင်)

ဘုရားဖူးခရီးစဉ်တစ်ခုအဖြစ် ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ်ထွက်လာခဲ့ကြတဲ့ မိမိတို့မောင်နှမတစ်တွေ တစ်မြို့ပြီးတစ်မြို့၊ ဘုရားတစ်ဆူပြီးတစ်ဆူ ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြရင်း ပြင်ဦးလွင်ကိုပြန်ကြမဲ့နေ့ရက်မှာ ရွှေတောင်မြို့က ရွှေမျက်မှန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိရာကို ရောက်ရှိဖူးမြော်လေ့လာနေပါပြီ။ ရုပ်ပွားတော်ကြီးက လူသိများထင်ရှားကျော်ကြားသလို ထူးခြားပြီးတန်ခိုးကြီးကြောင်းကိုလဲ လေ့လာသိမြင်နေရတယ်။ ရွှေမျက်မှန်ဘုရားသမိုင်းအရ တစ်ချိန်က ရွှေတောင်မြို့ နယ်ပိုင်ဝန်ထောက် မစ္စတာဟတ်တန်ရဲ့ဇနီးဖြစ်သူမှာ မျက်စိဝေဒနာကိုခံစားနေခဲ့ရတယ်။ အဲဒါကြောင့် နယ်ပိုင်ဝန်ထောက်ကြီးနဲ့ ဇနီးဖြစ်သူတို့က အလေးချိန် ခြောက်ပိဿာလောက်ရှိတဲ့ တတိယမြောက်မျက်မှန်တော်ကြီးကို ပြုလုပ်တပ်ဆင်ပူဇော်ခဲ့အပြီးမှာ ဇနီးဖြစ်သူရဲ့မျက်စိဝေဒနာသက်သာပျောက်ကင်းသွားကြောင်း လေ့လာသိရှိရတယ်။ ဒါ့ပြင် မျက်စိဝေဒနာခံစားနေရသူတွေ၊ မျက်စိအလင်းကွယ်ပျောက်နေသူတွေက ရွှေမျက်မှန်ဘုရားဂါထာတော်ကို ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်ပူဇော်ကြမယ်ဆိုရင် သက်သာပျောက်ကင်းနိုင်ကြောင်းနဲ့ ရုပ်ပွားတော်ကြီးမှာတပ်ဆင်ထားတဲ့ မျက်မှန်တော်ကို ပြုပြင်မွမ်းမံလှူဒါန်းမယ်ဆိုရင်၊ အသစ်ပြုလုပ်လှူဒါန်းကြမယ်ဆိုရင် သေသေချာချာရှိခိုးပူဇော် အဓိဋ္ဌာန်ပြုပြီးမှ လှူဒါန်းကြရကြောင်း၊ ဒီလိုဆောင်ရွက်တာမျိုးတွေ မလုပ်ဘဲ ပေါ့ပေါ့တန်တန်ပြုမူဆောင်ရွက်ကြမယ်ဆိုရင် အချိန်အခါမဟုတ် လေပြင်းတိုက်ခတ်တာမျိုးတွေ၊ အချိန်အခါမဟုတ် မိုးသည်းထန်တာမျိုးတွေ၊ လျှပ်စီးလက်မိုးကြိုးပစ်တာမျိုးတွေ စတဲ့ထူးထူးခြားခြားအခြေအနေမျိုးတွေဖြစ်ပေါ်တတ်ကြောင်း ဘုရားသမိုင်းမှာ ရေးသားဖော်ပြထားတာကို တွေ့မြင်နေရတယ်။

အခုလက်ရှိအချိန် ရုပ်ပွားတော်ကြီးမှာ တပ်ဆင်ထားတဲ့မျက်မှန်တော်ကြီးက ရွှေစင်ရွှေသား ၃၉ ကျပ်သားရှိနေတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာရှိတဲ့ ဘုရားစေတီတော်တွေ၊ ရုပ်ပွားတော်အဆူဆူတွေကို အများအပြားဖူးမြော်လာခဲ့ရတဲ့အထဲမှာ အခုဖူးမြော်နေရတဲ့ ရုပ်ပွားတော်ကြီးက ရွှေမျက်မှန်နဲ့ဖြစ်နေတာကြောင့် အခြားအရာတွေထူးခြားမှုတွေထက် မျက်မှန်တော်တပ်ဆင်ထားတာကတော့ အခြားရုပ်ပွားတော်တွေနဲ့မတူဘဲ တစ်မူထူးခြားမှုရှိနေပါတယ်။ ရွှေမျက်မှန်ဘုရားကြီးရဲ့ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၈ ရက်ကစတင်ပြီး နတ်တော်လပြည့်နေ့ထိ ကျင်းပပြုလုပ်တယ်ဆိုတာကို သိထားရလို့ အခွင့်အခါသင့်ရင် ဘုရားပွဲတော်ကာလတွေမှာ ထပ်မံလာရောက်ပူဇော်ဆင်နွှဲကြဖို့ စဉ်းစားထားလိုက်ကြတယ်။

ရွှေမျက်မှန်ဘုရားဖူးပြီးကြတာနဲ့ ရွှေတောင်မြို့တွင်းက ဆိုင်တစ်ဆိုင်မှာ ရွှေတောင်ခေါက်ဆွဲကို စားသောက်ကြတယ်။ ဆိုင်ကဆိုင်ကြီးတစ်ဆိုင်ဖြစ်နေသလို ရွှေတောင်ခေါက်ဆွဲ၊ ရွှေတောင်မုန့်ဟင်းခါး၊ ပြည်ပလာတာသုပ် စတာတွေကို အဓိကထားရောင်းတယ်။ မောင်နှမတစ်တွေ တစ်ဦးချင်း၊ တစ်ယောက်ချင်း ကောင်းနိုးရာရာတွေကို မိမိတို့ကြိုက်နှစ်သက်သလို မှာယူစားသောက်ကြတဲ့အခါမှာ ဒေသတစ်ခုနဲ့တစ်ခု၊ မြို့နယ်ကျေးရွာနယ်မြေတွေအလိုက် တစ်မြို့နဲ့တစ်မြို့၊ တစ်နယ်နဲ့တစ်နယ် ချက်ပြုတ်စားသောက်ကြပုံချင်း မတူညီတာတွေ၊ ကွဲပြားခြားနားတာတွေကို သိမြင်လာရတယ်။ ရွှေတောင်ခေါက်ဆွဲဆိုတာက မုန့်ဖတ်များများကို ဟင်းရည်နည်းနည်းနဲ့ အသုပ်ပုံစံစားသောက်ရတာမျိုးပါ။ ဟင်းရည်ကအုန်းနို့ခေါက်ဆွဲဟင်းရည်နဲ့ ခပ်ဆင်ဆင်တူတယ်။ ရွှေတောင်မုန့်ဟင်းခါးက ကုလားပဲတွေ၊ ဆန်မှုန့်တွေ၊ ပဲမှုန့်တွေမပါဘဲ ငါးဟင်းရည်အကြည်နဲ့ စားသောက်ကြရတယ်။ ပြည်ပလာတာသုပ် ကြက်သားကို အာလူး၊ ပန်းမုန်လာ၊ ဂေါ်ဖီ၊ မုန်ညင်းဖြူ စတဲ့ဟင်းသီးဟင်းရွက်တွေ ပေါင်းစုရောချက်ထားတဲ့ ဟင်းရည်ပျစ်ပျစ်နဲ့ ကြက်သွန်နီ၊ သံပရာသီးအချဉ်၊ ငရုပ်သီးစိမ်းတွေနဲ့ လိုက်ဖက်ညီညီ စားကြရတယ်။ ဘာမှမစားကြရသေးတဲ့ မနက်စောစောလဲဖြစ်၊ အစားအသောက်အားလုံးကလဲ နာမည်ကျော်အစားအသောက်ကောင်းကောင်းနဲ့ အရသာရှိရှိဖြစ်နေတာကြောင့် မောင်နှမတစ်တွေအားလုံး ခံတွင်းတွေ့ပြီး ကြိုက်နှစ်သက်ခဲ့ကြရတယ်။

စားသောက်ပြီးကြတာနဲ့ ဒေသထွက်လက်ဆောင်ပစ္စည်းတွေကို အဲဒီစားသောက်ဆိုင်ကြီးမှာပဲ လေ့လာကြည့်ရှုဝယ်ယူကြတယ်။ ဆိုင်မှာရောင်းချနေတဲ့ဒေသထွက် လက်ဆောင်ပစ္စည်းတွေက အမျိုးသားဝတ်၊ အမျိုးသမီးဝတ် ချည်ထည်အမျိုးမျိုးတွေ၊ မြေပဲယို၊ နှမ်းယို၊ ရှောက်ယို၊ ချဉ်ပေါင်သီးယို၊ ခရမ်းချဉ်သီးယို စတဲ့ယိုအမျိုးမျိုးတွေပါ။ ခရီးစဉ်အရ ပြင်ဦးလွင်ကိုပြန်ကြတော့မှာကတစ်ကြောင်း၊ မနက်စာစားကြတာကလဲ ဒီဆိုင်၊ လက်ဆောင်ပစ္စည်းဝယ်ယူကြတာကလဲ ဒီဆိုင်ဖြစ်နေလို့ ဆိုင်ရှင်က ပိုပိုသာသာ လျော့လျော့ပေါ့ပေါ့နဲ့ လက်ဆောင်တွေပါပေးပြီး ရောင်းချပေးနေတာကတစ်ကြောင်း၊ ဒေသထွက်ပစ္စည်းတွေက ကောင်းမွန်လတ်ဆတ်ဈေးနှုန်းချိုသာနေတာကတစ်ကြောင်းတို့ကြောင့် ဝယ်ယူလာကြတဲ့ပစ္စည်းတွေက ကားပေါ်မှာပြည့်သွားခဲ့တော့တယ်။



ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ထန်းလျက်၊ ထန်းသီးအရောင်းဆိုင်ကို တွေ့ရစဉ်။

ရွှေတောင်ကနေထွက်လာခဲ့ပြီး မကြာခင်မှာ ပြည်မြို့ကိုရောက်လာကြတယ်။ အလာခရီးတုန်းက ရွှေဆံတော်စေတီကြီးကို ဖူးမြော်ခဲ့ခြင်းမရှိသေးလို့ ဝင်ရောက်ဖူးမြော်ကြအုံးမလားဆိုပြီး မေးမြန်းတဲ့အခါ အားလုံးက မဝင်တော့ပါဘူး၊ မဖူးတော့ပါဘူးဆိုတာကြောင့် ရေဝတီမြစ်ကူး နဝဒေးတံတားအောက် မြို့ရှောင်လမ်းကနေ ပြည်မြို့ကိုမဝင်တော့ဘဲ ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ အဒေါ်တွေရှိတဲ့ပြည်မြို့နဲ့ သဲကုန်းမြို့တွေကို မကြာခဏရောက်ရှိနေသလို ရွှေဆံတော်စေတီကြီးကိုလဲ အမြဲမပြတ်ဖူးမြော်နေရတာကြောင့် အခုခရီးစဉ်မှာ မဝင်ကြတော့တာပါ။ မနက်စောစော နေထွက်ပြီးခါစအချိန်ဖြစ်နေပေမဲ့ ပြည်မြို့အနီး မြို့ရှောင်လမ်းပေါ်မှာ အသွားအလာတွေများပြားပြီး စည်ကားနေပါပြီ။ ပြည်မြို့က ပဲခူးတိုင်းဒေသကြီးရဲ့ မြို့တော်တစ်ခုမဟုတ်ပေမဲ့ ရှေးကျတဲ့မြို့ကြီးတစ်မြို့လဲဖြစ်၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးကောင်းတဲ့မြို့ကြီးတစ်မြို့လဲဖြစ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ မြို့ကြီးတစ်မြို့လဲဖြစ်၊ မြန်မာနိုင်ငံအတွင်းမှာ အချက်အချာကျတဲ့ မြို့ကြီးတစ်မြို့လဲဖြစ်နေတာကြောင့် အချိန်ပြည့်စည်ကားနေတတ်ပါတယ်။ ဒါပေမဲ့ နွေရာသီအချိန်ကာလမျိုးမှာ နေလို့မရနိုင်အောင် အပူဓာတ်ကိုပြင်းပြင်းထန်ထန် ခံစားကြရတယ်။

ပြည်မြို့ကနေ ပြင်ဦးလွင်ကိုပြန်ဖို့အတွက် အောင်လံမြို့၊ ကိုးပင်လမ်းခွဲ၊ သစ်ရာကောက်လမ်းဆုံ၊ မကွေးမြို့၊ ရေနံချောင်းမြို့၊ ကျောက်ပန်းတောင်းမြို့၊ မိတ္ထီလာမြို့တွေကနေတစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ် တက်ရောက်မောင်းနှင်ပြီးမှ ပလိပ်ကိုဖြတ်သန်းပြီး မြစ်ငယ်-ထုံးဘိုဖြတ်လမ်းအတိုင်း ဆက်လက်သွားရောက်ကြရမှာပါ။ ခရီးစဉ်လမ်းကြောင်းက အလွန်ရှည်လျားဝေးကွာပါတယ်။ ဒါပေမဲ့ ဒီခရီးလမ်းကြောင်းကို မကြာခဏသွားနေကျ၊ လာနေကျဖြစ်နေတဲ့အတွက် မောင်နှမတွေအားလုံးက ပြင်ဦးလွင်ကိုဘယ်အချိန်ရောက်မလဲဆိုတာ မမေးမြန်းကြတော့ဘဲ နေ့လယ်စာထမင်းကို ဘယ်မှာစားမလဲ၊ ညစာထမင်းကို ဘယ်လိုစားမလဲဆိုတာကိုသာ မေးမြန်းကြတော့တယ်။

အရင်အခေါက်တွေ ခွေးဘီလူးကားလေးနဲ့လာကြတဲ့အချိန်တုန်းက အခုလိုအပြန်ခရီးမှာ လမ်းခရီးစခန်းတစ်ခုဖြစ်တဲ့ သစ်ရာကောက်လမ်းဆုံကို မနက် ၁၁ နာရီလောက်မှာ ရောက်ရှိလာတတ်ကြပြီး ကားနားရင်း၊ လူနားရင်း နေ့လယ်စာထမင်းစားကြရတယ်။ အဲဒီကနေဆက်ပြီး ကျောက်ပန်းတောင်းမြို့ကိုရောက်တာနဲ့ လက်ဖက်ရည်သောက်၊ အအေးသောက် ခရီးတစ်ထောက်နားကြပြီးမှ ပြင်ဦးလွင်ကိုဆက်လက်ထွက်ခွာလာကြတာ ည ၈ နာရီလောက်မှာ အိမ်ပြန်ရောက်ကြတယ်။ အခုထွက်လာခဲ့တဲ့ခရီးက ခွေးဘီလူးကားလေးမဟုတ်တော့ဘဲ စူပါကာစတန်ကားဖြစ်နေတာကြောင့် ခွေးဘီလူးကားထက် ပြေးနှုန်းမြန်နေသလို ရွှေမျက်မှန်ဘုရားကို ဝင်ရောက်ဖူးမြော်ကြသေးတဲ့အပြင် သစ်ရာကောက်လမ်းဆုံကိုလဲ မနက် ၁၀ နာရီခွဲမှာ ရောက်ရှိလာကြပြန်တယ်။ ဒါကြောင့် စောစောရောက်တော့လဲ စောစောစားသောက်ပြီး စောစောနားကြရတာပေါ့ဆိုတဲ့သဘောနဲ့ သစ်ရာကောက်လမ်းဆုံက စားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်ရောက်နားခိုကြရင်း နေ့လယ်စာထမင်းကို စားသောက်ကြရတယ်။

နေ့လယ်စာထမင်းက အဒေါ်တွေစီမံထည့်ပေးလိုက်တဲ့ ပြည်ထမင်းသုပ်တွေပါ။ စားသောက်ဆိုင်ထဲမှာ ထိုင်ရင်း၊ နားရင်း စားသောက်ကြမှာဖြစ်တဲ့အတွက် ဆိုင်ရှင်တွေကို အားနာတဲ့အနေနဲ့ မကောင်းတတ်ဘူးဆိုတဲ့အတွေးတွေနဲ့ ဆိုင်ကနေသင့်တင့်တဲ့ စားသောက်စရာတွေကိုမှာယူ၊ ခွင့်တောင်းပြီးမှ ပါလာတဲ့ပြည်ထမင်းသုပ်တွေကို ဖွင့်ဖောက်စားသောက်ကြရတယ်။

ထမင်းစားသောက်ပြီးကြတာနဲ့ သစ်ရာကောက်လမ်းဆုံက နာမည်ကျော်ဆိတ်သားမီးကင်ထုပ်တွေကို အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူခဲ့ကြတယ်။ သစ်ရာကောက်လမ်းဆုံက ဆိတ်သားမီးကင်က စစ်လဲစစ်၊ စားလို့လဲကောင်း၊ ဈေးနှုန်းလဲ ချိုသာသင့်တင့်ပါတယ်။

သစ်ရာကောက်လမ်းဆုံကနေ ထွက်လာပြီးကတည်းက မောင်နှမတွေကို ဘယ်နေရာဝင်ချင်ကြသေးသလဲ၊ ဘာတွေဝယ်ချင်ကြသေးလဲ မေးမြန်းကြည့်တော့ ကျောက်ပန်းတောင်းမြို့ကိုရောက်မှ ထန်းလျက်နဲ့အာလူးကြော် ဝယ်ကြမယ်ဆိုတာနဲ့ မကွေးမြို့၊ ရေနံချောင်းမြို့တွေကို ဝင်ရောက်ခြင်းမပြုတော့ဘဲ မြို့ရှောင်လမ်းတွေကနေ မောင်းနှင်လာခဲ့လိုက်တယ်။ နေ့လယ်စာထမင်းစားသောက်ပြီးခါစလဲဖြစ်၊ နေ့ခင်းနေ့လယ် နေပူပူလဲဖြစ်၊ လမ်းဘေးဝဲယာတစ်လျှောက်လုံးမှာလဲ အပူပိုင်းဒေသရဲ့ထုံးစံအတိုင်း ခြောက်ခြောက်သွေ့သွေ့ဖြစ်နေတာကြောင့် ပျင်းပျင်းရိရိနဲ့မောင်းနေရတော့တယ်။ ဒါကြောင့်လဲ ကျောက်ပန်းတောင်းမြို့ကို မရောက်ခင် သက်တမ်းရင့်ရင့်နဲ့ အရိပ်ကောင်းကောင်း ညောင်ပင်တန်းကြီးတွေရှိတဲ့ ဌေးပင်၊ ဌေးချိုစတဲ့ရွာတွေအရောက်မှာ အရိပ်လဲကောင်း၊ ထန်းရည်နဲ့ထန်းသီးခိုင်တွေလဲရှိတဲ့ ညောင်ပင်ကြီးတစ်ပင်အောက်မှာ ကားကိုရပ်လိုက်ပြီး တစ်ခဏနားကြဖို့ စီစဉ်လိုက်တယ်။

အစီအစဉ်က အညောင်းပြေခဏနားကြရင်း ပြင်ဦးလွင်မှာမရှိတဲ့ ထန်းသီးခိုင်တွေကိုဝယ်ယူသွားကြဖို့ပါ။ ဒါပေမဲ့ ကားရပ်လိုက်တဲ့ဆိုင်လေးက ထန်းရည်နဲ့ထန်းသီးခိုင်တွေအပြင် ကိုယ်တိုင်ကျိုချက်ပြုလုပ်တဲ့ ထန်းလျက်ခဲတွေလဲ ရနေတာကြောင့် ပိုပြီးအဆင်ပြေသွားကြရတယ်။ အစ်မတွေ၊ ညီမတွေရဲ့ ပြောပြချက်အရ ဆိုင်လေးမှာရောင်းချနေတဲ့ ထန်းလျက်ခဲတွေက စစ်မှန်တဲ့အပြင် ဈေးနှုန်းကလဲ လွန်စွာချိုသာနေကြောင်း သိလိုက်ရတယ်။ ဈေးနှုန်းချိုသာတာထက် ထန်းရည်ကျိုနေတာတွေ၊ အခြောက်လှန်းနေတာတွေကို လက်တွေ့မြင်တွေ့နေကြရလို့ စစ်မှန်ပြီးလတ်လတ်ဆတ်ဆတ်ဖြစ်တယ်ဆိုတာ သေချာနေပါတယ်။ ဆိုင်လေးမှာ ခဏတာအညောင်းပြေရုံ၊ အမောပြေရုံ၊ ထန်းသီးခိုင်တွေဝယ်ယူရုံလောက်သာ ရပ်နားခဲ့ကြပေမဲ့ ထင်မှတ်မထားတဲ့ ထန်းလျက်တွေကိုလဲ ဝယ်ယူရရှိခဲ့ကြပါပြီ။

လိုချင်တာတွေကိုဝယ်ယူအပြီး ဆိုင်လေးကနေပြန်ထွက်လာတာနဲ့ မကြာခင်မှာကျောက်ပန်းတောင်းမြို့ကို ရောက်လာခဲ့ကြတယ်။ ကျောက်ပန်းတောင်းမြို့ကိုရောက်ရင် နာမည်ကျော်အာလူးကြော်တွေကို ဝယ်ယူကြရအုံးမှာပါ။ ဒါကြောင့် ဆိုင်တွေလဲများ၊ ရောင်းကုန်ပစ္စည်းတွေစုံလင်တဲ့ မြို့လယ်မီးပွိုင့်အနီးမှာ ကားရပ်ပေးလိုက်ရတယ်။ ဒီနေရာက ကားဂိတ်တွေ၊ ကားလိုင်းတွေ၊ ခရီးသည်တွေ များပြားစည်ကားနေသလို ဒေသထွက် ရောင်းကုန်ပစ္စည်းဆိုင်တွေကလဲ အများအပြားတန်းစီပြီးရှိနေကြတယ်။

ကျောက်ပန်းတောင်းမြို့ကနေ ထွက်လာပြီးရင် နောက်ထပ်ကားမောင်းချိန် ငါးနာရီလောက်နဲ့ ပြင်ဦးလွင်မြို့ကို ပြန်ရောက်ကြမှာဖြစ်ပါတယ်။ နာရီကြည့်လိုက်တော့ မွန်းလွဲ ၂ နာရီ ထိုးနေပြီဖြစ်လို့ ည ၇ နာရီမတိုင်ခင်မှာ အိမ်ကိုပြန်ရောက်မှာဖြစ်ကြောင်း မောင်နှမတွေကို အသိပေးပြောထားရသလို ညစာစားသောက်ကြဖို့အတွက် ခေါက်ဆွဲကြော်၊ ထမင်းကြော် အစရှိတဲ့ စားသောက်စရာတွေကိုလဲ ပြင်ဦးလွင်မြို့က မိတ်ဆွေရဲ့ဆိုင်ကို ကြိုတင်ဖုန်းဆက်မှာယူထားလိုက်ရတယ်။ အိမ်ကိုပြန်ရောက်ရောက်ချင်း ချက်ပြုတ်ချိန်ရမှာမဟုတ်တော့ပါဘူး။

ကျောက်ပန်းတောင်းမြို့ကနေ မိတ္ထီလာမြို့၊ မိတ္ထီလာမြို့ကနေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်၊ အမြန်လမ်းမကြီးကနေ ပလိပ်လမ်းခွဲအတိုင်း ဆက်လက်ပြီး မြစ်ငယ်-ထုံးဘိုဖြတ်လမ်းကနေ ပြင်ဦးလွင်မြို့ကို ပြန်လာခဲ့ကြတာ ည ၇ နာရီထိုးခါနီးမှာ အိမ်ပြန်ရောက်ခဲ့ကြတယ်။ အခုခရီးစဉ်အစအဆုံးကို ဘယ်နှစ်မိုင်ရှိသလဲဆိုပြီး ပြန်လည်တွက်ချက်ကြည့်လိုက်တော့ မိုင် ၂၀၀၀ ကျော်၊ ၃၀၀၀ လောက်ရှိနေတာကို သိရှိလိုက်ရတယ်။ ငါးရက်ကြာ အသွားအပြန်ခရီး နီးနီးလေးတော့မဟုတ်ပါဘူး။ နောက်တစ်ပတ်မှာ နောက်ထပ်ခရီးစဉ်တစ်ခုကို သွားအုံးမှာပဲဖြစ်ပါတယ်။

# ဖိုးရွှေလ

## ယဉ်အောင်ဟိန်း



(၁)

ထန်းပင်ကန်ရွာဦးကျောင်းက ဇရပ်တစ်ဆောင်ပေါ်မှာ အသက် ၈၀ အရွယ် အဘိုးဦးရေချမ်းကို ကျောင်းသားလေး ဖိုးတုတ်က နင်းနှိပ်ပေးရင်း ကုသိုလ်ယူနေတယ်။ အဘိုးဦးရေချမ်းက သူ့ကိုနှိပ်နယ်ပေးတဲ့ ဖိုးတုတ်ကလေးကို ပုံပြင်တွေ၊ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောပြလေ့ရှိတယ်။

"ဒီဇရပ်ကြီးတွေက တို့ကျောင်းသားတုန်းကတော့ ခြောက်ဆောင်တွဲ ဇရပ်တန်းကြီးပေါ့ကွယ်။ အခုလို သွပ်မိုးထရံကာတွေလဲ မဟုတ်ဘူးကွဲ့။ ပျဉ်ချပ်တွေမိုး၊ ပျဉ်ချပ်တွေကာထားတယ်။ အလွန်ကိုခံ့ညားတယ်။ နှစ်ပေါင်းကြာရှည်တော့ ယိုင်လဲပြိုပျက်ကုန်ကြတာ။ ဒီနှစ်ဆောင်ပဲ ကျန်တော့တာပေါ့ကွယ်"

"ဒီနှစ်ဆောင်တွဲတောင် ဒီလောက်ကြီးတာ ခြောက်ဆောင်တွဲဆိုရင်တော့ အတော်ကိုခံ့ညားမှာပဲနော် အဘိုး"

"အဘိုးတို့ကျောင်းသားဘဝကတော့ အခုလိုဥပုသ်နေ့နဲ့ အခါကြီးရက်ကြီးနေ့တွေမှာဆိုရင် ဒီဇရပ်တွေပေါ်မှာ ဥပုသ်သည်တွေအပြည့်ပဲ။ ဒီဇရပ်ကြီးတွေက ဥပုသ်သည်တွေ၊ ရပ်ဝေးကလာတဲ့ ခရီးသွားဧည့်သည်တွေနားခိုဖို့ရည်ရွယ်ပြီး ရှေးလူတွေဆောက်လုပ်ထားကြတာပဲ။ ဂျပန်ခေတ် ဂျပန်တွေတက်လာတော့လဲ ဒီဇရပ်တန်းပေါ် စခန်းချသွားကြတယ်။ ဒီလိုတည်းကြတဲ့ အထဲမှာ မင်းနဲ့အဘိုး အခုစကားပြောနေတဲ့ဇရပ်ပေါ်မှာတည်းသွားတဲ့ ရှမ်းဆရာကြီးတစ်ယောက်ကတော့ တို့ရွာအတွက် ထူးဆန်းတဲ့ဖြစ်ရပ်နဲ့ ရာဇဝင်ကျန်ခဲ့တော့တာပဲ"

"ဘာရာဇဝင်ကျန်ခဲ့တာလဲ အဘိုး"

အဘိုးဦးရေချမ်းက စကားဆက်မပြောသေးဘဲ မျက်စိလေးမှေးပြီး ဟိုးအဝေးအတိတ်ဆီကို သူ့စိတ်တွေပို့လွှတ်နေပုံရတယ်။ အတန်ကြာမှ ဧည့်သည် ရှမ်းဆရာကြီးနဲ့ ကျောင်းသားလေးဖိုးရွှေလတို့အကြောင်းကို ဖြည်းဖြည်းချင်းပြောပြပါတော့တယ်။ ဖိုးတုတ်လဲ စိတ်ဝင်တစားနားထောင်နေတယ်။

(၂)

မန်ကျည်း၊ ထနောင်း၊ ဖျောက်ဆိပ်၊ တမာပင်တွေ၊ ဝါးပင်တွေနဲ့ အုပ်ဆိုင်းညို့မှိုင်းနေတဲ့အလယ်မှာ ပြာသာဒ်ဆောင်ဘုံအဆင့်တွေ၊ ပန်းဆိုင်း၊ ပန်းဆွဲတွေနဲ့ ရှေးအလွန်ကျတဲ့ ဘုန်းတော်ကြီးကျောင်းကြီးက ထန်းပင်ကန်ရွာရဲ့ကျက်သရေကို ဆောင်နေတယ်။ ကျောင်းဝင်းအတွင်းက လူတစ်ဖက်လောက်ရှိတဲ့ ကျွန်းတိုင်ကြီးတွေနဲ့ဆောက်လုပ်ထားတဲ့ခြောက်ဆောင်တွဲ ဇရပ်တန်းကြီးကလဲ အလွန်ရှေးကျတယ်။ ဒုနှစ်လက်မ၊ ဖြက်တစ်ပေခွဲလောက်ရှိတဲ့ ကျွန်းပြားကြီးတွေကို သံမှိုကြီးတွေနဲ့ ရိုက်ခင်းထားတယ်။ ရိုက်ထားတဲ့သံမှိုကြီးတွေက သံမှိုလို့ခေါ်တဲ့အတိုင်း မိုးအခါမှပေါက်တဲ့ မှိုပွင့်ကြီးတွေလောက်ရှိတယ်။ ဇရပ်ကြီးတွေထဲက ဇရပ်တစ်ဆောင်ပေါ်မှာ-

"အင်း ဟင်း ဟင်း။ အင်း ဟီး ဟီး။ အမေ အမေ"

ရှမ်းဝတ်စုံဝတ်ဆင်ထားတဲ့ လူကြီးတစ်ယောက် ညည်းညူပြီးလဲနေတယ်။ လဲနေတဲ့လူကြီးရဲ့ဘေးမှာ နက်မှောင်နေအောင် သစ်စေးသုတ်ထားတဲ့ တင်းတောင်းလို ရှည်မျောမျောဝါးနှီးတောင်းနှစ်လုံးကို ထမ်းဆိုင်းလေးတွေထဲထည့် ထမ်းပိုးလေးလျှိုပြီး ချထားတာတွေ့ရတယ်။ ဆိုင်းထမ်းတစ်ဖက်မှာ သင်းခွေချပ်အရေခွံ၊ တစ်ဖက်က စပါးကြီးအရေခွံတွေကို တွဲလောင်းချိတ်ဆွဲထားတယ်။ တောင်းပေါ်မှာ ဇန်းဆန်ကောလေးတွေခင်းပြီး ဆေးဘူး၊ ဆေးခွက်၊ ဆေးမြစ်၊ ဆေးဥတွေထည့်ထားတယ်။ ဒီလူကြီးက မြေပြန့်ဒေသတောရွာတွေ ရွာစဉ်လှည့်ပြီး ဆေးရောင်း၊ ဆေးကုလုပ်တဲ့ တောင်ပေါ်ဒေသ သီပေါနယ်က ဆေးဆရာကြီး။ ဒီရှမ်းဆရာကြီးက ဇရပ်တန်းပေါ် လာတည်းခိုရင်း ငှက်ဖျားရောဂါထပြီး လဲနေတာသုံးရက်ရှိပြီ။ အဲဒီလူကြီးကို မေးမဲ့သူလဲမရှိ၊ ကြည့်မဲ့သူလဲမရှိ။ ဘုန်းကြီးကျောင်းသားလေး ဖိုးရွှေလက အဲဒီလူကြီးကိုသနားပြီး ဇရပ်အောက်က မရဲတရဲချောင်းကြည့်တတ်တယ်။ သုံးရက်မြောက်နေ့ ဖိုးရွှေလ ချောင်းကြည့်နေခိုက်မှာ-

"လူလေး။ ရေ ရေပေးပါ"

ရှမ်းဆရာကြီး ဖိုးရွှေလကိုခေါ် ရေတောင်းတယ်။ ဖိုးရွှေလက အရိုးတပ်ထားတဲ့ အုန်းမှုတ်ခွက်နဲ့ ရေတစ်မှုတ်ခပ်ပေးလိုက်တယ်။ ရေရတော့ မျက်နှာသစ်ပြီး-

"လူလေး အဘကို ရေနွေးတည်ပေးပါလား"

ဖိုးရွှေလက ဘာမျှပြန်မပြောဘဲ ခေါင်းညိတ်ပြပြီး ဇရပ်ပေါ်က ပြေးဆင်းခဲ့တယ်။ ဖိုးရွှေလ မီးတင်းကုပ်ထဲဝင်ပြီး ရေနွေးတစ်အိုးတည်ပေးလိုက်တယ်။ နောက်ရက်တွေမှာလဲ ရှမ်းဆရာကြီးကို ရေခပ်ပေး၊ ရေနွေးတည်ပေး၊ အစားအသောက်ဝယ်ပေးတဲ့ ဝေယျာဝစ္စတွေကို ဖိုးရွှေလ လုပ်ပေးခဲ့တယ်။ ရှမ်းဆရာကြီးက ဖိုးရွှေလလေးကို ကျေးဇူးတင်လွန်းလို့ ကျေးဇူးတင်စကားတွေ တဖွဖွပြောတယ်။ ရှမ်းဆရာကြီးက သူ့ဆေးနဲ့ သူ့ဘာသာသူပြန်ကုပြီး တစ်ပတ်လောက်အကြာမှာတော့ ကျန်းမာလာတယ်။

"လူလေးဖိုးရွှေလ။ အဘ နေကောင်းသွားပြီ။ မနက်ဖြန်မနက် အဘ ခရီးဆက်တော့မယ်။ လူလေး ကျေးဇူးတွေက ကြီးလှပါတယ်။ လူလေးကျေးဇူးတွေကို အဘ ဆပ်ခဲ့ရအုံးမယ်။ အဘဆီလာပါအုံး"

ရှမ်းဆရာကြီးက ဖိုးရွှေလကိုခေါ်ပြီး တောင်းအတွင်းက တစ်စုံတစ်ခုကိုနှိုက်လိုက်တယ်။ ဆရာကြီးလက်ထဲပါလာတာက အဖျားနှစ်ခွနဲ့ ဆေးထိုးတဲ့စုတ်တစ်ချောင်း။ စုတ်ရဲ့တစ်ဖက်ထိပ်က တင်းပုတ်ထမ်းပြီး မုဆိုးဒူးထောက်ဟန်နဲ့ထိုင်နေတဲ့ ဘီလူးရုပ်ကလေးနဲ့ ဆရာကြီးက ဖိုးရွှေလကို ပက်လက်လှန်အိပ်ခိုင်းပြီး ပေါင်နှစ်ဖက်မှာ ဆေးထိုးပေးနေတယ်။ ဆေးထိုးပြီးလို့ ဖိုးရွှေလ သူ့ပေါင်ကိုကြည့်လိုက်တော့ ညာဘက်ပေါင်မှာ အပေါ်တက်နေတဲ့ကြောင်ရုပ်နဲ့ ဘယ်ဘက်ပေါင်မှာ အောက်ဆင်းနေတဲ့ကြောင်ရုပ်လေးတွေ ထိုးပေးထားတယ်။

(၃)

"ဆွမ်းတော်ဗျို့ ဆွမ်းတော်ဗျို့"

ဆေးထိုးပြီးနောက်ရက် ကိုရင်ရေဝတနဲ့ ဖိုးရွှေလတို့ ဆွမ်းခံထွက်လာတယ်။ အိမ်တစ်အိမ်အရောက်မှာ တောင်းထဲထည့်ထားတဲ့ ချည်ဝင်တွေကိုမြင်တော့ ဖိုးရွှေလ ချည်ဝင်တွေကို ခိုးယူချင်လွန်းလို့ စိတ်ထဲမှာ ရှိုးတိုးရှတဖြစ်နေတယ်။ မယူရရင်မနေနိုင်အောင်ဖြစ်ပြီး ယူလိုက်မှ စိတ်တွေငြိမ်သွားတယ်။ အဲဒီနေ့ကစပြီး နောက်ရက်တွေလဲ နေ့စဉ်နေ့တိုင်း သူများအိမ်က ပစ္စည်းတစ်ခုမဟုတ်တစ်ခုယူရမှ ဖိုးရွှေလစိတ်တွေ ငြိမ်တယ်။ မယူရရင် ဖိုးရွှေလ နေမထိထိုင်မသာဖြစ်နေတယ်။ ရှမ်းဆရာကြီးဆေးစွမ်းပြတော့တာပါပဲ။

ဖိုးရွှေလ ကာလသားအရွယ်ရောက်လို့ မိဘတွေက မိရိုးဖလာ တောင်သူယာလုပ် အလုပ်ကိုခိုင်းပေမဲ့ ဖိုးရွှေလက စိတ်မဝင်စားဘူး။ ကောင်းရောင်းကောင်းဝယ် သမ္မာအာဇီဝအလုပ်ဆိုတာတွေကို စိတ်ကူးထဲတောင် ထည့်မရဖြစ်နေတယ်။ သူဝါသနာပါတဲ့ မြို့တကာ၊ နယ်တကာလှည့်ပြီးခိုးတဲ့အလုပ်ပဲ လုပ်တော့တယ်။ မိဘဆရာသမားတွေက ဆုံးမပေမဲ့ ခိုးတဲ့အကျင့်ပျောက်မရဘူး။ ခိုးတဲ့အလုပ်နဲ့ပဲ ပျော်မွေ့တယ်။ ဖိုးရွှေလက သူခိုးဆိုပေမဲ့ ခိုးတဲ့နေရာမှာ စည်းကမ်းနဲ့ ခိုးတယ်။ သူဌေး၊ သူကြွယ်ကြီးတွေအိမ်မှမဟုတ်ရင် ဘယ်လောက်လွယ်ကူလွယ်ကူ မခိုးဘူး။ ခိုးတဲ့အခါမှာလဲ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ ဘယ်လောက်တွေ့တွေ့ လေးပုံတစ်ပုံသာယူတယ်။ တစ်ဖက်သားဘဝပျက်သွားလောက်အောင် ဘယ်အခါမှ လောဘတကြီး အကုန်မယူဘူး။ ရှမ်းဆရာကြီးဆေးက ညအခါ မီးမပါဘဲ အမှောင်ထဲမှာ ကြောင်တစ်ကောင်လိုမြင်တယ်။ ကြောင်တစ်ကောင်လို လျင်မြန်ပေါ့ပါးတယ်။ ညာဘက်ပေါင်ကကြောင်ရုပ်ကိုပွတ်လိုက်ရင် နှစ်ထပ်အိမ်တစ်ဆောင်ရဲ့ခေါင်မိုးပေါ် လောက်တော့ အသာလေးရောက်တယ်။ ပြန်ဆင်းချင်တဲ့အခါ ဘယ်ဘက်ပေါင်က ကြောင်ရုပ်ကိုပွတ်ပြီး မြေပြင်ကို ကြောင်တစ်ကောင်လို ပေါ့ပေါ့ပါးပါးပြန်ဆင်းနိုင်တယ်။

(၄)

လောကဓာတ်ကြီးတစ်ခုလုံး မဟူရာရောင်တောက်နေတဲ့ သန်းခေါင်ယံညတစ်ညမှာ မြိုင်သာယာရွာက သူဌေးကြီးဦးဗလရဲ့ လက်ခုပ်တစ်ဖောင်လောက်မြင့်တဲ့ ဆူးစည်းရိုးကို ဖိုးရွှေလ အသာအယာခုန်ကျော်ဝင်ပြီး အိမ်ဆီကို ပြေးကပ်သွားလိုက်တယ်။ လျင်မြန်လွန်းတဲ့ ဖိုးရွှေလရဲ့လှုပ်ရှားမှုကြောင့် သူဌေးကြီးဦးဗလရဲ့ အင်းခွေးကြီးဝိုင်းလုံးနဲ့ ခွေးနက်ကြီးကျားစိန်တို့ တစ်ကောင်မှ မသိလိုက်ကြဘူး။ ညရေးညတာအတွက် အားကိုးပြီးခေါ်ထားတဲ့ စာရင်းငှား ကိုလှအောင်တို့လင်မယားလဲ မသိလိုက်ပေ။ တစ်ဝင်းလုံး၊ တစ်ခြံလုံး ပကတိတိတ်ဆိတ်ငြိမ်သက်နေတယ်။ ဖိုးရွှေလ အိမ်ကြီးပတ်ချာလည်ကို အကဲခတ်လိုက်တယ်။ မှောင်ပါတယ်ဆိုမှ ဦးဗလရဲ့ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးက ရေနံချေးတွေမည်းမှောင်နေအောင်သုတ်ထားတော့ ပိုပြီးမည်းမှောင်နေတယ်။ အိမ်ကြီးအပေါ်ထပ်ကိုမော့ကြည့်လိုက်တော့ ဦးဗလ အိပ်ခန်းက ပြတင်းတစ်ပေါက်လပ်နေတာတွေ့ရတယ်။ ဖိုးရွှေလ အလောသုံးဆယ်မတက်သေးဘဲ တစ်ခုခုစဉ်းစားနေတယ်။

လမိုက်ညတွေမှာ ဖိုးရွှေလ သူ့အိမ်ကိုလာခိုးနိုင်တယ်ဆိုတာ ဦးဗလကလဲ အတပ်လောက်ကြိုတွက်ထားတယ်။ ဒါကြောင့်လဲ ညအခါ သိပ်မအိပ်ဘဲ နေ့အခါမှသာအိပ်ပြီး ဂရုစိုက်နေတယ်။ နာမည်ကြီးနေတဲ့ သူခိုးဖိုးရွှေလ သူ့အိမ်ဝင်ခိုးရင် ဆုံးမဖို့ သူ့ရဲ့လက်သုံးတော်ဓားကို နေ့စဉ်နဲ့အမျှ မြည့်နေအောင်သွေးထားတယ်။ ဒီလိုအမှောင်ကျတဲ့ရက်တွေမှာ ဖိုးရွှေလလာမယ်ဆို လာနိုင်တယ်ဆိုတဲ့အတွေးနဲ့ သူ့ရဲ့အိပ်ခန်းတံခါးတစ်ပေါက်လှပ်ထားပြီး ဖိုးရွှေလကို ထောင်ချောက်ဆင်ချောင်းမြောင်းနေတယ်။ အမှောင်ကြီးစိုးတဲ့ လကွယ်ညက အပ်ကျသံပင်ကြားရလောက်အောင်တိတ်ဆိတ်နေတယ်။ ဦးဗလရဲ့ အိမ်ဦးခန်းတိုင်မှာချိတ်ထားတဲ့ တိုင်ကပ်နာရီကြီးက ချိန်သီးလွှဲလိုက်တိုင်းတချောက်ချောက်အသံမြည်ပြီး လက်တံတွေကို သယ်ဆောင်ရွေ့လျားနေတယ်။ နာရီလက်တံ တစ်ဂဏန်းပေါ် အရောက်မှာတော့ နာရီကြီးဆီက "ဒင်"ခနဲ့မိုးကြိုးပစ်သံလိုမြည်ပြီး တိတ်ဆိတ်နေတဲ့အမှောင်ညကို ပိုထိတ်လန့်ချောက်ချားသွားစေတယ်။ ဦးဗလ အတော်ငိုက်မျဉ်းနေပြီ။ ဒီအခိုက်မှာ ဦးဗလအိပ်ခန်းအောက်တည့်တည့်ဆီက "ဂျစ်"ခနဲအသံတစ်သံကြားလိုက်ရလို့ ဦးဗလ ချက်ချင်းမျက်လုံးပြူးကျယ်သွားတယ်။ ပြတင်းပေါက်နား တိုးကပ်နိုင်သမျှတိုးကပ်ပြီး ဖိုးရွှေလတက်လာရင် ခေါင်းအပြုတ်ခုတ်ချဖို့ ဓားကိုမြဲမြဲဆုပ်ကာ အရန်သင့်ချိန်ရွယ်ထားလိုက်တယ်။ ဦးဗလတွက်ရေးမမှားပါဘူး။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ပြတင်းပေါက်က မည်းခနဲခုန်တက်လာတဲ့ ဦးခေါင်းသဏ္ဍာန်ကို ဦးဗလ ဓားနဲ့အားကုန်လွှဲခုတ်ချလိုက်တယ်။ "ဘုတ်"ခနဲ မြေကြီးပေါ်ပြုတ်ကျသံတစ်ခုနဲ့အတူ ဦးဗလရဲ့"သေရောလားကွ ဖိုးရွှေလ"လို့ အော်လိုက်တဲ့အသံနဲ့ "ဦးဗလရေ ဒီလောက်မှမလျင်ရင် ဖိုးရွှေလက ခိုးမစားဘူးဗျ"ဆိုတဲ့ ရှေ့ဆင့်နောက်ဆင့် အသံတွေက ညအမှောင်ထဲမှာ လှိုင်းခတ်သွားတယ်။ ဦးဗလအောက်ကိုငုံ့ကြည့်လိုက်တော့ ရိပ်ခနဲပြေးထွက်ပျောက်ကွယ်သွားတဲ့သဏ္ဍာန်တစ်ခုကို မြင်လိုက်ရတယ်။

"ဖိုးရွှေလရေ။ မင်းတော်တယ်ကွာ။ ခိုးစားသင့်တယ်ဟေ့။ ခိုးစား ခိုးစား"

ဦးဗလရဲ့အော်သံကြားမှ စာရင်းငှား ကိုလှအောင်တို့လင်မယားပြေးထွက်လာပြီး မီးခွက်ထွန်းကြည့်လိုက်တော့ ဦးဗလရဲ့ဓားနဲ့ခုတ်ချလိုက်တဲ့အရာက ထက်ပိုင်းပြတ်နေတဲ့ ဝါးနှီးရေငင်ပုံးတစ်ပုံးဖြစ်နေတယ်။ ဦးဗလ ထောင်ချောက်ဆင်ထားပေမဲ့ ဉာဏ်သမားဖိုးရွှေလက လှမတက်သေးဘဲ ဝါးလုံးထိပ်မှာ ဝါးနှီးပုံးစွပ်ပြီး ပြတင်း

စာမျက်နှာ ၂၅ သို့ ➤

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၄၂၉၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဟုမ္မလင်း မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၄၂၉၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၄၂၉၀ စိုက်ပျိုးရန် လျာထားကြောင်း၊ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်၍ ပျိုးထောင်စိုက်ပြီး စက်တင်ဘာလထိ စိုက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ စပါးဧက ၆၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မိုးစပါး သတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်သွားမယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ (၃)၊ ရောမင်း၊ မော်ဘီ(၂)၊ ဒေသစပါးမျိုးများကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရန်၊ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေး နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ငှက်ကြီးသိုက်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်ကြီးသိုက်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ပဉ္စမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင်ကစီမံကိန်းကျေးရွာများတွင် ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ခြင်း လုပ်ငန်းစဉ်များကို Manual Cash-based စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ Shwe Bank နှင့်ပူးပေါင်း၍ Mo-Money Digital Wallet ဖြင့် Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Shwe Bank မှ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက MoMoney Wallet ဖြင့် Digital နည်းပညာကို အသုံးပြု၍ Mobile Phone မှတစ်ဆင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို ရန်ပုံငွေကျပ် ၄၁၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**

## စာပေကျေးဇူး

\- စာပေအရာ ခွဲခြားကြည့်
ကောင်းဆိုးသိဖို့ ဉာဏ်ရည်လို၊
ယုတ်ညံ့ရင် စာအဆိပ်မို့
နိမ့်ကျသကို၊
လောကအကျိုး နည်းများမဆို
မေတ္တာပို ခိုင်ခိုင်ခံ့၊
အက္ခရာ သီကုံးအလှနဲ့
လမ်းပြစေအံ့။

\- အသိစာပေ ကွန်ရက်ဖြန့်လို့
နှံ့စပ်အောင် လေ့လာစေ၊
အလိမ္မာ စာမှာတွေ့
မမေ့သင့်ပေ၊
အချိန်မဖြုန်းနဲ့ ကြိုးပမ်းလေ
အမြဲရှာဖွေ နွှဲလို့ဆက်၊
စာဖတ်ကာ ဘဝလမ်းကို
လှမ်း၍ချီတက်။

\- ဆင်ခြင်တုံ အသိဖက်လို့
ပညာမက်မှ အောင်ပန်းဝင်၊
ပျင်းရိကာ မှိုင်တွေငေးတော့
ဝေးရသည်ပင်၊
စာဖတ်ကြ ထာဝစဉ်
ပန်းအသွင် ပွင့်ဝေဖူး၊
ထူးချွန်ကာ အောင်မြင်ရေးနဲ့
စာပေကျေးဇူး။ ။

**မင်းသူရိန်(သာကီနွယ်)**

➤ စာမျက်နှာ ၂၄ မှအဆက်

ပေါက်က ထိုးတင်လိုက်တာပါပဲ။ ဦးဗလက ဖိုးရွှေလ ဦးခေါင်းအမှတ်နဲ့ အပိုင်ခုတ်ချလိုက်ပေမဲ့ ဖိုးရွှေလလှည့်စားမှုကို ဦးဗလခံလိုက်ရတယ်။

(၇)

ပျော်ဘွယ်မြို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ကထိန်အလှူပွဲကြီးလှည့်တဲ့ ပရိသတ်ထဲ ဖိုးရွှေလရောက်နေတယ်။ ကထိန်ပွဲကြီးစည်ကားလှပေမဲ့ ဖိုးရွှေလက လှူရန်တွေကို ကြည်ညိုသဒ္ဓါပွားဖို့၊ တီးမှုတ်ဖျော်ဖြေတာတွေ နားထောင်ဖို့၊ ကတာဆိုတာတွေကြည့်ရှုဖို့ ရောက်နေတာတော့မဟုတ်ဘူး။ ဖိုးရွှေလ ရှာဖွေကြည့်ရှုနေတာက လက်ဝတ်ရတနာတွေဝတ်လာကြတဲ့ အမျိုးသမီးတွေ တစ်ဦးချင်းစီရဲ့ ရတနာတန်ဖိုးတွေကို တွက်ချက်မှတ်သားနေတာပဲဖြစ်တယ်။ အမျိုးသမီးတစ်ယောက်ဝတ်ဆင်ထားတဲ့ ကျောက်မျက်ရတနာတွေနဲ့ပြုလုပ်ထားတဲ့ ရွှေခြေချင်းကြီးတွေ၊ လက်ကောက်၊ ဘယက်၊ နားကပ်တွေအပေါ် အာရုံကျနေတယ်။ ကထိန်လှည့်ပွဲကြီး ပြီးလို့အိမ်ပြန်ကြတော့ ဖိုးရွှေလက အမျိုးသမီးလေးရဲ့နောက်က နောက်ယောင်ခံလိုက်တယ်။ ခြံဝင်းကျယ်ကြီးတစ်ခုအတွင်းက နှစ်ဆောင်ပြိုင်အိမ်ကြီးဆီကို အမျိုးသမီးလေးဝင်သွားမှ ဖိုးရွှေလ နောက်ပြန်ခေါက်ခဲ့တယ်။

အဲဒီညမှောင်တာနဲ့တစ်ပြိုင်နက် အမျိုးသမီးလေးရဲ့ နှစ်ဆောင်ပြိုင်အိမ်ကြီးနှစ်လုံးကြားက ရေတံလျှောက်ထဲ ဖိုးရွှေလရောက်နေပြီ။ အိမ်ရှင်တွေ စားသောက်ပြီးလို့ အိပ်ခါနီးမှာတော့ အမျိုးသမီးလေးက သူ့အမေကို မေးတယ်။

"အမေ ပစ္စည်းတွေ ဘယ်မှာထားလိုက်ရမလဲ"

"မနက်ဖြန်လဲ ဝတ်အုံးမှာပဲ။ မြေကြီးထဲပြန်မမြှုပ်နဲ့အုံး။ ရေတံလျှောက်ထဲသာထားလိုက်"

အမျိုးသမီးလေး ပစ္စည်းတွေကို ပဝါနဲ့ထုပ်ပြီး ရေတံလျှောက်ထဲထိုးလိုက်တော့ ရေတံလျှောက်ထဲဝပ်ပြီးနေတဲ့ ဖိုးရွှေလကို စမ်းမိသွားတယ်။

"အမယ်လေးတော့ လန့်လိုက်တာ အမေ့ကြောင်ကြီး"

"ကြောင်ကြီးလဲဘာဖြစ်တုံး ထားလိုက်"

ဖိုးရွှေလ ဗိုက်ကလေးအသာချပ်ပေးလိုက်တော့ အမျိုးသမီးလေးက ပစ္စည်းတွေကို ဖိုးရွှေလဗိုက်အောက်ထိုးခဲ့တော့တယ်။

ဖိုးရွှေလ ပစ္စည်းထုပ်ပိုက်ပြီး ရေတံလျှောက်ပေါ်က ခုန်ဆင်းလိုက်တယ်။ ကြောင်တစ်ကောင်လို ပေါ့ပေါ့ပါးပါး ဖုတ်ခနဲကျလာတဲ့ ဖိုးရွှေလကို လူနှစ်ယောက်က ပြေးကပ်လာပြီး တုတ်ခိုင်သန်မာတဲ့လက်ကြီးတွေနဲ့ တစ်ဖက်တစ်ချက် ဖမ်းချုပ်တာခံလိုက်ရတယ်။

"ဟော့ကောင် ဖိုးရွှေလ ပြေးဖို့မကြိုးစားနဲ့ အေးအေးဆေးဆေးအဖမ်းခံလိုက်ပါ"

ဘေးမှာကြည့်လိုက်တော့ ဂေါ်ရာစစ်ပုလိပ် လေး၊ ငါးယောက်က ဖိုးရွှေလကို ဝိုင်းထားကြတယ်။ ဖိုးရွှေလ ပြေးမလွတ်တော့ပါ။ ကထိန်ပွဲအတွင်း ဖိုးရွှေလရောက်နေတာကို သိနေတဲ့ ပုလိပ်တွေက သူ့လှုပ်ရှားမှုကို စောင့်ကြည့်နေတာမသိလိုက်တဲ့ဖိုးရွှေလ ပုလိပ်လက်တွင်း အလွယ်တကူကျရောက်အဖမ်းခံလိုက်ရပါတော့တယ်။

(၈)

သူခိုးကြီး ဖိုးရွှေလအကြောင်း အားပါးတရပြောပြလိုက်ရလို့ မောသွားပုံရတဲ့ အဘိုးဦးရေချမ်းက သစ်သားမီးခြစ်ကို ရှဲခနဲခြစ်လိုက်ပြီး ဓားမရိုးလောက်တုတ်တဲ့ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးညှိပြီး အားရပါးရဖွာရှိုက်ရင်း နားနေတယ်။

"အဘိုး အဲဒီနောက်တော့ မခိုးတော့ဘူးလား"

"အင်း အဖမ်းခံလိုက်ရပြီးတဲ့အချိန်ကစပြီး ဖိုးရွှေလသတင်း အစအနမကြားရတော့ပါဘူးကွယ်။ သေသလား၊ ရှင်သလားတောင် ဘယ်သူမှမသိကြတော့ပါဘူး။ သူအလွန်ချစ်တဲ့ သားမယားတွေနဲ့ သူသိပ်သံယောဇဉ်ကြီးမားတဲ့ တို့ရွာလေးဆီကို ရာသက်ပန်ပြန်ရောက်မလာတော့ပါဘူး။ ဖိုးရွှေလပျောက်ကွယ်သွားပေမဲ့ တို့ရွာလေးမှာတော့ သူပြုခဲ့တဲ့ကောင်းမှုကုသိုလ်တွေဖြစ်တဲ့ ဖိုးရွှေလဘုရား၊ ဖိုးရွှေလကန်တွေကြောင့် သူ့အကြောင်း ဒီနေ့တိုင်ပြောစမှတ်ပြု ကျန်နေတာပါပဲ ငါ့မြေးရယ်"

# ချောက်မြို့နယ် ရေလာကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**ချောက် မေ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စွယ်ပေါက္ကံကျေးရွာအုပ်စု ရေလာကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေလာကျေးရွာ၌ အကျယ်လေးလက်မ၊ GI အနက် ပေ ၁၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေလာကျေးရွာတွင် အကျယ်လေးလက်မ၊ GI အနက်ပေ ၁၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၀၉ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ယခုနှစ် ဧပြီလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက ရေလာကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**နေဘုန်း**

# အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်လာမှု

မောင်ဝေလွမ်း(သုတေသီ)

အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ အတက်အကျများပြောင်းလဲလာသည်နှင့်အမျှ အင်ဒို-ပစိဖိတ်ဒေသသည် အာရှ-ပစိဖိတ်ဒေသ၏ အစဉ်အလာအယူအဆကို အာဆီယံ၏ ဗဟိုပြုမှုဖြင့် စိန်ခေါ်လျက်ရှိသည်။ အာဆီယံဗဟိုပြုအဖွဲ့အများအပြားသည် ဒေသတွင်းလုံခြုံရေးဗိသုကာကို ပံ့ပိုးပေးလျက်ရှိသည်။ အမေရိကန်နှင့် ၎င်း၏ Quad မိတ်ဖက်များဖြစ်သည့် အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျနိုင်ငံတို့သည် တောင်တရုတ်ပင်လယ် (SCS) နှင့် ပိုမိုကြီးမားသော အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ရည်ရွယ်ချက်ကို စိန်ခေါ်ရန်လုပ်ဆောင်လာကြသည်။ အာဆီယံနိုင်ငံကလည်း လိုက်ပါရမည့်ဘက်ရွေးချယ်ရမည်ဟု စိုးရိမ်လျက်ရှိသည်။ တရုတ်စီးပွားရေးနှင့် အာဆီယံပေါင်းစည်းမှုသည် အားကောင်းလျက်ရှိသည်။ SCS တွင် တရုတ်နိုင်ငံ၏ နယ်ပိုင်ဆိုင်ကြောင်းပြောဆိုမှုနှင့် ၎င်း၏ အစဉ်အလာအရ အခွင့်အရေးကို ၉ ကန့်လိုင်း (nine-dash line)ဖြင့် ဖော်ပြထားမှုက ပြိုင်ဘက်များနှင့် ၎င်း၏ ကာကွယ်ရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုကို ကန့်သတ်မှုဖြစ်စေသည်။

Quad၊ AUKUS၊ တရုတ်(တိုင်ပေ) ပဋိပက္ခ၏ ခြိမ်းခြောက်မှုနှင့် ယူကရိန်းအကျပ်အတည်းသည် အာဆီယံကို စိုးရိမ်ပူပန်စေသည်။ လုံခြုံရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အာဆီယံ၏အစဉ်အလာရပ်တည်ချက်သည် ပျက်ကွက်လျက်ရှိနေသည်။ ၂၀၀၂ ခုနှစ်ကတည်းက အာဆီယံနိုင်ငံများ၏ ကျင့်ဝတ်ကျင့်ထုံး(CoC) ရှိရန် ကြိုးပမ်းမှုများကို နှုတ်ဖျားဖြင့် ပံ့ပိုးပေးနေစဉ် တရုတ်တို့သည် SCS တွင်းရှိ ပကတိအခြေအနေကို မြှင့်တင်ခဲ့သည်။ အာဆီယံနိုင်ငံများ၏ ခြိမ်းခြောက်မှုဆိုင်ရာ ခံယူချက်နှင့် ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်လာခဲ့သည်။ အာဆီယံအဖွဲ့ဝင်များသည် ယေဘုယျအားဖြင့် အချင်းချင်းပြိုင်ဆိုင်မှုမရှိပေ။ သို့သော်လည်း ရေကြောင်းလုံခြုံရေးကို ဗဟိုချက်မအဖြစ်သို့ ရွှေ့လျားလာသည်နှင့်အမျှ စစ်လက်နက်ပစ္စည်းဝယ်ယူမှုများ တိုးလာနေသည်။

အာဆီယံနိုင်ငံများတွင် တပ်မတော်များ ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေပြီဖြစ်သည်။ ၎င်းတွင် ရှုထောင့်များစွာရှိသည်။ အချို့က လွန်ခဲ့သည့်အစောပိုင်းကာလများကတည်းက စတင်ခဲ့သော်လည်း ကာကွယ်ရေးနှင့်လက်နက်ကိရိယာများ အစားထိုးတိုးမြှင့်ရန်လိုအပ်မှုသည် ၂၀၁၀ ပြည့်နှစ်ကတည်းက ရှိလာခဲ့သည်။ စတော့ဟုမ်းအခြေစိုက် နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနသိပ္ပံ(SIPRI)၏ ၂၀၂၃ ခုနှစ် စစ်အသုံးစရိတ်အချက်အလက်များအရ အာဆီယံ၏ စစ်ရေးအသုံးစရိတ်သည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃ ဘီလီယံမှ ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၂ ဘီလီယံထိ တိုးလာခဲ့သည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ ၎င်းသည် နှစ်စဉ်အမေရိကန်ဒေါ်လာဘီလီယံ ၃၀ အောက်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်မှစတင်၍ အာဆီယံနိုင်ငံများသည် အမေရိကန်ဒေါ်လာ ၄၁ ဘီလီယံနှင့်အထက် သုံးစွဲခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အမြင့်ဆုံးအမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃ ဘီလီယံထိ သုံးစွဲခဲ့သည်။ မှတ်သားစရာအချက်မှာ ၂၀၁၂ ခုနှစ်မှစ၍ စစ်အသုံးစရိတ်သည် တိုးလာခဲ့ရာ ၂၀၁၄ ခုနှစ်မှစ၍ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံမှ ၃၈ ဘီလီယံထိ ခုန်တက်လာခဲ့သည်။ SIPRI ၏အဆိုအရ ၂၀၀၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ အာဆီယံနိုင်ငံများတွင် စင်ကာပူသည် ကာကွယ်ရေးအသုံးစရိတ်အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံထိ ရှိခဲ့သည်။ ၎င်းနောက်တွင် အင်ဒိုနီးရှားသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်က အသုံးပြုခဲ့သည့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံထက် သိသိသာသာ ကျဆင်းခဲ့သည်။

၂၀၁၂ ခုနှစ်မှစ၍ အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံထိရောက်ရှိခဲ့ပြီး တည်ငြိမ်သည့်အဆင့်ကို ထိန်းထားနိုင်ခဲ့သည်။ ထိုင်းနိုင်ငံသည် လွန်ခဲ့သည့်သုံးနှစ်အတွင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ ရရှိထားသော်လည်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံဖြင့် လက်နက်အဓိကတင်သွင်းသူဖြစ်သည်။ မလေးရှားနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံစလုံးသည် တစ်နှစ်လျှင်အမေရိကန် ဒေါ်လာ သုံးဘီလီယံသတ်မှတ်ချက်ကို ကျော်ဖြတ်ကာ ဆယ်စုနှစ်တစ်ခုကြာ ထိန်းသိမ်းထားခဲ့သည်။ ထိုအခြေအနေများသည် တိုးမြှင့်လာမည့်အခြေအနေရှိသည်။ SIPRI တွင် ဗီယက်နမ်အတွက် အတည်ပြုသည့် ကာကွယ်ရေးအသုံးစရိတ်စာရင်းများ မပါရှိသော်လည်း ၎င်းတို့ကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံခန့် ထားရှိသည်။ ဗီယက်နမ်သည် ၎င်း GDP ၏ ၂ ဒသမ ၃၆ ရာခိုင်နှုန်းကို ခန့်မှန်းထားချိန်တွင် ၂၀၁၈ ခုနှစ်၌ ၎င်း၏ ကာကွယ်ရေးအသုံးစရိတ်ကို ထုတ်ပြန်ခြင်းမှရပ်ဆိုင်းခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးကာကွယ်ရေးပစ္စည်းပြပွဲကို ကျင်းပခဲ့သည်။ နိုင်ငံပေါင်း ၃၀ မှ ပြခန်းပေါင်း ၁၇၀ ကျော် ပါဝင်ပြသခဲ့သည်။ ရုရှား၏ JSC Rosoboronexport ကုမ္ပဏီ၊ အမေရိကန်၏ လော့ခ်ဟိဒ်မာတင်ကုမ္ပဏီ၊ ဥရောပမှ Airbus၊ အိန္ဒိယ၏ ဘရာမို့စ်နှင့် ဂျပန်မှ မစ်ဆူဘီရှီကုမ္ပဏီတို့ ပါဝင်ပြသခဲ့သည်။ တရုတ်ကုမ္ပဏီများတက်ရောက်ခဲ့ခြင်းမရှိဟုဆိုသည်။ ဗီယက်နမ်သည် ၎င်း၏ လက်နက် ၇၀ ရာခိုင်နှုန်းအတွက် ရုရှားကို မှီခိုအားကိုးခဲ့သည်။ ၎င်း၏အကြီးစားပစ္စည်းကိရိယာအများစုမှာ ရုရှားထုတ်ဖြစ်သည်။ ထိုသို့မှီခိုအားထားမှုသည် ၂၀၂၀ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအောက်သို့ ကျဆင်းသွားခဲ့သည်။ အမေရိကန်သည် ဗီယက်နမ်သို့ လက်နက်လွှဲပြောင်းမှုအပေါ် ပိတ်ဆို့ထားမှုကို ၂၀၁၆ ခုနှစ်တွင် ရုပ်သိမ်းခဲ့ပြီး ၂၀၁၇ ခုနှစ်မှစ၍ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လက်နက်ရောင်းချထောက်ပံ့သူများဖြစ်လာခဲ့သည်။

တောင်ကိုရီးယားသည် အာဆီယံသို့ လက်နက်တင်ပို့မှုတိုးမြှင့်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကိုရီးယားလေကြောင်းအာကာသစက်မှုလုပ်ငန်းသည် မလေးရှားနိုင်ငံသို့ FA-50 တိုက်လေယာဉ် ၁၈ စင်းအတွက် အမေရိကန်ဒေါ်လာ သန်း ၉၁၀ တန်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ Tejas လေယာဉ်ကမ်းလှမ်းမှုကို စိန်ခေါ်ခဲ့သည်။ မလေးရှားသည် အဓိကလက်နက်အသုံးစရိတ်များ အနက်မှမဟုတ်သော်လည်း တောင်ကိုရီးယား၊ တူရကီယဲတို့နှင့်ထိတွေ့ဆက်ဆံမှုသည် ကြီးထွားလာနေသည်။ SIPRI ၏အဆိုအရ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တောင်ကိုရီးယားသည် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့သို့ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ကာကွယ်ရေးပစ္စည်းများကို ရောင်းချခဲ့သည်။




### ခြိမ်းခြောက်မှုခံယူချက်နှင့် ၎င်း၏သက်ရောက်မှုများ

အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ခြိမ်းခြောက်မှုအပေါ် ခံယူချက်နှင့် မည်သို့ရင်ဆိုင်ရမည်ဟူသော အချက်သည် ကွဲပြားလျက်ရှိနေသည်။ Quad အဖွဲ့ဝင်ဖြစ်သော အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်တို့နှင့် ဆက်ဆံရာတွင် အချို့က ပို၍အဆင်ပြေလျက်ရှိသည်။ အချို့တွင် မတူညီသောရှုထောင့်များရှိနေရာ ၎င်းခြားနားချက်မှာ ခြိမ်းခြောက်မှုခံယူချက်ကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့သည် SCS တွင် ရေပိုင်နက်အငြင်းပွားမှုရှိနေသည်။ ထို့ကြောင့် ဗီယက်နမ်နှင့်ဖိလစ်ပိုင်တို့၏ တပ်မတော်အင်အားတိုးချဲ့မှု၊ စက်ပစ္စည်းများနှင့် စွမ်းရည်များသည် အရေးကြီးသောအချက်ဖြစ်သည်။

ထိုင်းနိုင်ငံသည် စစ်ဘက်မှ အာဏာသိမ်းမှုနှင့် အာဏာထိန်းမှုဖြစ်ပေါ်လေ့ရှိသည့် အခြေအနေမျိုးတွင် လက်နက်ကိုင်တပ်ဖွဲ့များတိုးချဲ့မှုသည် မြန်ဆန်ကာ ပိုမိုတည်တံ့ခဲ့သည်။ SCS အငြင်းပွားမှုတွင် ထိုင်းနှင့်မြန်မာနိုင်ငံတို့ ပါဝင်ခြင်းမရှိသောကြောင့် မြန်မာနှင့်ထိုင်းနိုင်ငံမှ ဝယ်ယူသောစက်ပစ္စည်းအချို့ကို တိုက်ရိုက်ခြိမ်းခြောက်မှုနှင့် အလွယ်တကူချိတ်ဆက်၍ မရပေ။ အဆိုပါနိုင်ငံများတွင် ပြည်တွင်းမှလွဲ၍ ခိုင်မာသော ပြည်ပရန်သူမရှိပေ။ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှားတို့က ရေငုပ်သင်္ဘောဝယ်ယူမှုများကို အာဆီယံတွင် တွေ့ရှိရသည်။

အာဆီယံနိုင်ငံအများအပြားတွင် နယ်မြေကာကွယ်ရေး၏နောက်ကွယ်တွင် အတွေးအခေါ်များ ပြောင်းလဲလာခဲ့သည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တွင် ပြည်တွင်းထိန်းချုပ်မှုနှင့် သောင်းကျန်းမှုများကို နှိမ်နင်းရန်အတွက်ရည်ရွယ်သည့် ကြီးမားသော တပ်များအစား ရေကြောင်းဆိုင်ရာစိန်ခေါ်မှုများကို နားလည်သဘောပေါက်ရန်နှင့် ရေကြောင်းလုံခြုံရေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေတပ်နှင့် လေတပ်စွမ်းအားပိုင်ဆိုင်မှုများကို အလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းများတွင် စက်ကိရိယာအသစ်များဝယ်ယူရာတွင် ဘတ်ဂျက်ဆိုင်ရာကန့်သတ်ချက်များ ရှိလာတတ်သည်။ ထို့အတွက် အုပ်ချုပ်ရေးအဖွဲ့သည် ဥပဒေပြုလွှတ်တော်နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်။ ၎င်းသည် ရယူထားသည့် သို့မဟုတ် ဆုံးရှုံးသွားသောအခွင့်အလမ်းများဖြစ်လာသည့် လက်နက်စနစ်များကို အကျိုးသက်ရောက်စေသည်။ အဆိုပါပြည်တွင်း၌ပူးပေါင်းဆောင်ရွက်နိုင်မှုသည် ဖိလစ်ပိုင်သည် အိန္ဒိယမှ BrahMos ဒုံးကျည်များကို မှာယူရာတွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့ထက် သာလွန်သွားခဲ့သည်။ အင်ဒိုနီးရှားတွင် အစိုးရနှင့်လွှတ်တော်ကြား ညှိနှိုင်းဆောင်ရွက်မှုမှာ အကျိုးမဝင်သောကြောင့် အဆိုပါအမိန့်သည် အကောင်အထည်မပေါ်သေးပေ။ ဗီယက်နမ်သည် BrahMos ကို စိတ်ဝင်စားပြီး အခြားရင်းမြစ်များမှ လက်နက်များမှာယူလျက်ရှိသည်။ အိန္ဒိယမှစစ်သင်္ဘောလက်ဆောင်ကို ပျော်ရွှင်စွာလက်ခံသော်လည်း မည်သည့်အတွက်ကြောင့် ချီတုံချတုံဖြစ်နေသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

အင်ဒိုနီးရှားတွင်မူ ပြင်သစ်မှ Rafaeles ၄၂ စင်းကို မှာယူခဲ့သည်။ ထိုအတောအတွင်း ၎င်းတို့သည် ကာတာမှ တစ်ပတ်ရစ် Mirage 2000-5 တိုက်လေယာဉ် ၁၂ စင်းကို အမေရိကန်ဒေါ်လာ ၇၉၂ သန်းဖြင့် ဝယ်ယူခဲ့သည်။ ဤအချက်သည် ဘတ်ဂျက်ကန့်သတ်ချက်မှုများ၏ သက်ရောက်မှုဖြစ်သည်။ ဖိလစ်ပိုင်သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ဆောင်ရွက်သည့် ပထမဆုံးခေတ်မီအဆင့်မြှင့်တင်ရေးအစီအစဉ် (Horizon)အတွင်း ပြည်တွင်းလုံခြုံရေးအတွက် စစ်ဘက်ဆိုင်ရာဟာ့ဒ်ဝဲကို ဝယ်ယူခဲ့သည်။ ဒုတိယအဆင့်အစီအစဉ်ဖြစ်သည့် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်သည် ပြည်တွင်းလုံခြုံရေးမှ နယ်မြေကာကွယ်ရေးသို့ ကူးပြောင်းခြင်းကို အာရုံစိုက်ခဲ့သည်။ ဖိလစ်ပိုင်သည် အဆင့်မြှင့်တင်ရေးအစီအစဉ် ၂ (Horizon 2) အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံနှင့် ၂၀၂၂-၂၀၂၇ ခုနှစ် အဆင့်မြှင့်တင်ရေးအစီအစဉ် ၃ (Horizon 3)အတွက် အမေရိကန်ဒေါ်လာ လေးဘီလီယံ ခွဲဝေပေးခဲ့သည်။

ခြုံ၍ဆိုရလျှင် အာဆီယံနိုင်ငံများနိုင်ငံ၏ ပထဝီအနေအထားဖြင့် လုံခြုံရေးခြိမ်းခြောက်မှုအယူအဆနှင့် အန္တရာယ်အပေါ်မူတည်၍ စစ်ရေးတည်ဆောက်မှုများ အသီးသီးလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ရေကြောင်းပိုင်နက်အငြင်းပွားမှုများရှိနေသည့်နိုင်ငံများရှိသကဲ့သို့ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး၊ ပြည်ပရန်ကာကွယ်ရေးအတွက်လည်း တည်ဆောက်မှုများရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထင်ရှားသည့်အချက်မှာ အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးအသုံးစရိတ်သည် ပုံမှန်တိုးမြှင့်လာနေခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြောင်းလဲလာသော ကမ္ဘာ့အခင်းအကျင်းနှင့် ဒေသတွင်းမငြိမ်သက်မှုများကြီးထွားလာခြင်းကြောင့် အာဆီယံနိုင်ငံများကို ၎င်းတို့၏ ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်ရန် တွန်းအားပေးမှုဖြစ်စေကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- www.orfonline.org/expert-speak/military-expansion-among-asean-members

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**


၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီး ၁၁၁၉၂ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီး ၁၁၁၉၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၅၅၆၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၄၃၀၃ ဧက၊ အရာတော်မြို့နယ်တွင် ၁၀၆ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၂၂၀ စုစုပေါင်း ၁၁၁၉၂ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၆ ဒသမ ၂၆ တင်းထွက်ရှိကြောင်း သိရသည်။

"မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီး ၁၁၁၉၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့တာပါ။ အခုလက်ရှိအချိန်မှာလဲ ပဲကြီးစိုက်ခင်းတွေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့တယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်၊

မုံရွာခရိုင်တွင် ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**မကွေး မေ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၁၅ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်တန်းတွင်သင်ကြားမည့် အခြေခံစက်ချုပ်ခြင်းဆိုင်ရာ အတတ်ပညာဘာသာရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၁၅ ရက်ထိ တစ်လကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အိမ့်မိုး**

စာပေမြင့်မှ လူမျိုးတင့်မည်

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာတိုက်စစ်ထက်မြက်နေတဲ့ ဝုဖ်ဘတ်အသင်း၊ အတ္တလန်တာအသင်း၊ အလာဗက်အသင်းတို့ကို အားပေးရမှာပါ



စနေနေ့ညမှာကစားမဲ့ ဥရောပပြိုင်ပွဲမှာ ဘွန်ဒက်စ်လီဂါက ရာသီပိတ်ပွဲစဉ်တွေ ကစားမှာဖြစ်ပြီး လာလီဂါနဲ့ စီးရီးအေကတော့ ပွဲစဉ် (၃၇) ကစားမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာသေချာပါတယ်။ အဲဒီထဲက တန်းဆင်းဇုန်ဖိအား၊ ဥရောပကစားခွင့်ရှိနေတဲ့အသင်းတွေကို သတိထားချဉ်းကပ်ရမှာဖြစ်သလို အဓိကကစားသမားတွေ ဒဏ်ရာရနေတဲ့အသင်းတွေကိုလဲ ရှောင်ရမှာဖြစ်ပါတယ်။ အမှတ်ပေးပြိုင်ပွဲတွေဟာ ဘောလုံးရာသီပိတ်သိမ်းခါနီးမှာ မထင်မှတ်တဲ့ရလဒ်တွေ ထွက်ပေါ်လေ့ရှိတာကြောင့် လက်ရှိ အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းတွေကို အားပေးရမှာဖြစ်ပါတယ်။

### ဝုဖ်ဘတ်အသင်းနဲ့ လက်တွဲရမှာပါ

ဘွန်ဒက်စ်လီဂါရာသီပိတ်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဝုဖ်ဘတ်အသင်းနဲ့ မိန့်ဇ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဖ်ဘတ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တာကြောင့် ၃၃ ပွဲကစားအပြီးမှာ ရမှတ် ၃၇ မှတ်နဲ့ အဆင့်(၁၂)မှာ ရောက်နေတာကို တွေ့ရမှာပါ။ နောက်ဆုံးငါးပွဲမှာတော့ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ တိုက်စစ်ပိုင်းက ခြောက်ဂိုးထိ ရရှိခဲ့သလို ခံစစ်ပိုင်းကလဲ ခြောက်ဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ နည်းပြဟတ်ဆန်ဟက်ကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းပြောင်းလဲနေပေမဲ့ တိုက်စစ်ပိုင်းမှာ ဝင်းဒ်၊ ဝင်မာ၊ ဘာကူတို့ကို တွဲဖက်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဝင်းဒ်ကတော့ အသင်းအတွက် ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခုနစ်ဂိုးပန်တီးမှုပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဝုဖ်ဘတ်ဟာ အခုပွဲစဉ်မှာ ရမှတ်မလိုတော့ပေမဲ့ အိမ်ကွင်း ၁၆ ပွဲမှာ ခြောက်ပွဲသာရှုံးခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာလဲ အနည်းဆုံးသရေရလဒ်ကစားခဲ့ပြီး အိမ်ကွင်းရလဒ်ကောင်းတစ်ခုကို ဆက်ထိန်းနိုင်ဖို့ ကြိုးစားလာမှာပါ။

မိန့်ဇ်အသင်းဟာ တန်းဆင်းဇုန်ဖိအားအောက်မှာရှိနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရမှတ်မဆုံးရှုံးဖို့ အစွမ်းကုန်ကြိုးစားနေတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ဒေါ့မွန်လို ကစားပုံမာကျောတဲ့အသင်းကို အိမ်ကွင်းအားသာချက်နဲ့ သုံးဂိုးပြတ်အနိုင်ယူခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၃၃ ပွဲအပြီးမှာ ရမှတ် ၃၂ မှတ်နဲ့ အဆင့်(၁၅)မှာရောက်နေတာကြောင့် အဆင့်(၁၆)က ယူနီယံဘာလင်နဲ့ ရမှတ်နှစ်မှတ်သာကွာဟနေလို့ အခုပွဲစဉ်ကို ရှုံးလို့မရပေမဲ့ သရေတစ်မှတ်ရခဲ့မယ်ဆိုရင်တော့ တန်းဆင်းဇုန်အန္တရာယ်ကလွတ်ဖို့ သေချာနေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့ဘူးဆိုပေမဲ့ အိမ်ကွင်းပွဲစဉ်တွေမှာသာ နိုင်ပွဲရခဲ့ပြီး အဝေးကွင်းမှာတော့ သရေရလဒ်သာ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်း ၁၇ ပွဲဆက်မှာလဲ သရေရလဒ်သာရရှိခဲ့ပြီး နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ခြေစွမ်းပိုင်းက အားရစရာမကောင်းပါဘူး။ လက်ရှိ ကစားသမားစုဖွဲ့မှုမှာလဲ ဝုဖ်ဘတ်နဲ့ယှဉ်ရင် အားနည်းနေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဝုဖ်ဘတ်က ၁၀ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ အသာရနေတာကြောင့် အိမ်ကွင်းကစားပုံထက်မြက်တဲ့ ဝုဖ်ဘတ်အသင်းနဲ့ လက်တွဲရမှာပါ။

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၃ | - | ၀ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၀ | ဘိုချမ် |
| ဖရိုင်းဘတ် | ၁ | - | ၂ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၃ | - | ၀ | ဘိုချမ် |
| ဘိုင်ယန်မြူးနစ် | ၀ | - | ၂ | ဝုဖ်ဘတ် |

**မိန့်ဇ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၄ | - | ၁ | ဟော့ဖန်ဟိမ်း |
| ဖရိုင်းဘတ် | ၁ | - | ၁ | မိန့်ဇ် |
| မိန့်ဇ် | ၁ | - | ၁ | ကိုလုံး |
| ဟိုင်ဒန်ဟိမ်း | ၁ | - | ၁ | မိန့်ဇ် |
| မိန့်ဇ် | ၃ | - | ၀ | ဒေါ့မွန် |

### အတ္တလန်တာအသင်း ရလဒ်ကောင်းမှာပါ

စီးရီးအေပွဲစဉ် (၃၇) မှာ အကြိုက်တွေ့မိတာကတော့ လက်ချီအသင်းနဲ့ အတ္တလန်တာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ချီအသင်းဟာ ပထမအကျော့ အတ္တလန်တာနဲ့တွေ့ဆုံတုန်းက တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့တာဖြစ်သလို အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိသေးတာကြောင့် နိုင်ပွဲရဖို့တော့ ရုန်းကန်ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၃၆ ပွဲအပြီးမှာ ရမှတ် ၃၇ မှတ်နဲ့ အဆင့် (၁၃) မှာရောက်နေပေမဲ့ တန်းဆင်းဇုန်က အမ်ပိုလီနဲ့ ရမှတ် ငါးမှတ်သာ ကွာဟနေတာကြောင့် တန်းဆင်းဇုန်ဖိအားအောက်က မလွတ်သေးတာကိုတွေ့ရမှာပါ။ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေရည်တူအသင်းတွေကိုဖိအားပေးပြီး ရမှတ်ရှာဖွေနိုင်ခဲ့ပေမဲ့ ပြီးခဲ့တဲ့ အူဒီးနီးစ်အသင်းနဲ့ပွဲစဉ်မှာ အူဒီးနီးစ်ရဲ့ တန်းဆင်းဇုန်ရုန်းအားကို မထိန်းချုပ်နိုင်ဘဲ နှစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအိမ်ကွင်းကစားပုံကလဲ တည်ငြိမ်မှုမရှိတာကြောင့် နောက်ဆုံးအိမ်ကွင်းခြောက်ပွဲဆက်မှာ အမ်ပိုလီတစ်သင်းကိုသာအနိုင်ရခဲ့ပြီး အင်တာမီလန်၊ ဗီရိုနာ၊ ရိုးမား၊ မွန်ဇာ၊ အူဒီးနီးစ်တို့နဲ့ပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ကစားသမားလေးယောက်ထိ ဒဏ်ရာရနေတာကြောင့် အတ္တလန်တာတိုက်စစ်ကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။

အတ္တလန်တာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရိုးမားကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့လို့ ရမှတ် ၆၃ မှတ်နဲ့ အဆင့်(၅)မှာရပ်တည်နေပေမဲ့ ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့အတွက်တော့ အခုပွဲစဉ်ကို အနိုင်ရမှဖြစ်မှာပါ။ စီးရီးအေပြိုင်ပွဲဟာ လာမဲ့နှစ်မှာ ချန်ပီယံလိဂ်ငါးနေရာထိ ဝင်ခွင့်ရရှိခဲ့တာကြောင့် အဆင့်(၅) က အတ္တလန်တာအနေနဲ့ အဆင့်(၆) က ရိုးမားနဲ့ဝင်ခွင့်တစ်နေရာအတွက် ယှဉ်ပြိုင်ရမှာဖြစ်လို့ လက်ချီလို ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းနဲ့တွေ့ချိန်မှာရမှတ်ရှာဖွေရမှာပါ။ အတ္တလန်တာဟာ တိုက်စစ်ကစားပုံထက်မြက်တဲ့အသင်းဖြစ်တာကြောင့် နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ခုနစ်ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ခြေစွမ်းပိုင်းထက်မြက်တဲ့ လီဗာပူး၊ မာဆေးတို့လို အသင်းတွေကိုအနိုင်ယူပြီး ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့တာကိုလဲ သတိပြုရမှာပါ။ ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်ဟာလဲ လာမဲ့ မေ ၂၃ ရက်မှာ ကျင်းပမှာဖြစ်တာကြောင့် အခုပွဲစဉ်မှာ လူစုံထုတ်သုံးဖို့ များပါတယ်။ ကွင်းလယ်ကစားသမား ကူမီနာကတော့ အဝါကတ် ငါးကြိမ်ပြည့်ခဲ့လို့ အခုပွဲမှာ ပွဲပယ်ဖြစ်ဒဏ်ကျခံရတာကြောင့် ပါဝင်နိုင်မှာမဟုတ်ပေမဲ့ သူ့နေရာမှာ မီရန်ချက်၊ လွတ်မန်းတို့ ရှိနေလို့ ကစားကွက်ပိုင်းကျဆင်းသွားမှာမဟုတ်ပါဘူး။ ကူမီနာက အသင်းအတွက် ၁၂ ဂိုးသွင်းယူထားပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးပုံမှန်သွင်းလာနိုင်တဲ့ စကာမက်ကာလို တိုက်စစ်မှူးရှိနေတာကြောင့် အတ္တလန်တာအသင်း ရလဒ်ကောင်းမှာပါ။

**လက်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ချီ | ၁ | - | ၀ | အမ်ပိုလီ |
| ဆက်ဆူအိုလို | ၀ | - | ၃ | လက်ချီ |
| လက်ချီ | ၁ | - | ၁ | မွန်ဇာ |
| ကက်ဂလီယာရီ | ၁ | - | ၁ | လက်ချီ |
| လက်ချီ | ၀ | - | ၂ | အူဒီးနီးစ် |

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၂ | - | ၀ | အမ်ပိုလီ |
| မာဆေး | ၁ | - | ၁ | အတ္တလန်တာ |
| ဆလာနီတာနာ | ၁ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၃ | - | ၀ | မာဆေး |
| အတ္တလန်တာ | ၂ | - | ၁ | ရိုးမား |

### အလာဗက်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်မှာအကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ အလာဗက်အသင်းနဲ့ ဂီတာဖေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အလာဗက်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရီးရဲလ်မက်ဒရစ်နဲ့ တွေ့ဆုံခဲ့လို့ ဂိုးပြတ်ရှုံးခဲ့ပေမဲ့ ခြေစွမ်းပိုင်းက ထင်သလောက်မဆိုးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရီးရဲလ်မက်ဒရစ်နဲ့ပွဲမှာ ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့ပေမဲ့ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု ၁၀ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးသမားကော့တွိုက် လက်စွမ်းပြနိုင်လို့သာ ချေပဂိုးမရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၃၆ ပွဲအပြီးမှာ ရမှတ် ၄၂ မှတ်ရခဲ့တာကြောင့် တန်းဆင်းဇုန်က လွတ်မြောက်ခဲ့ပြီး ရမှတ်မလိုအပ်တော့ပေမဲ့ အဆင့်(၁၀) က ဂီတာဖေးနဲ့တွေ့နေတာကြောင့် အခုပွဲစဉ်ကို ရမှတ်မဆုံးရှုံးဖို့ ပြင်ဆင်လာမှာပါ။ အလာဗက်ရဲ့အိမ်ကွင်းကစားပုံကလဲ အေတီကို၊ ဂျီရိုနာတို့လို ခြေစွမ်းထက်မြက်တဲ့အသင်းတွေတောင် နိုင်ပွဲရှာနိုင်ခဲ့တာကြောင့် ဂီတာဖေးလိုခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာ သေချာပါတယ်။ အလာဗက်ဟာ ဂီတာဖေးနဲ့ ကစားခဲ့တဲ့အိမ်ကွင်းခြောက်ပွဲလုံးမှာလဲ ရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။

ဂီတာဖေးအသင်းဟာ အဓိကကစားသမားတွေဒဏ်ရာရပြီးနောက်ပိုင်း ခြေစွမ်းပိုင်းကျဆင်းခဲ့တာကြောင့် ၃၅ ပွဲအပြီးမှာ ရမှတ် ၄၃ မှတ်နဲ့ အဆင့်(၁၀) ကို ရောက်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလဲ အယ်မာရီယာလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကိုပဲ အနိုင်ရခဲ့တာကြောင့် ဂီတာဖေးရဲ့ အသင်းလိုက်ကစားအားက သတိထားစရာဖြစ်နေပါတယ်။ လက်ရှိမှာ အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမား မေရီရယ်ဒဏ်ရာရနေချိန်မှာ မာတာက တိုက်စစ်ပိုင်းကိုဦးဆောင်နေပေမဲ့ ဂိုးရဖို့ရုန်းကန်နေရတာကို တွေ့ရမှာပါ။ နောက်ပိုင်းပွဲစဉ်တွေမှာ ဂရင်းဝုဒ်ပြန်ပါလာပေမဲ့တိုက်စစ်ကတော့ ဂိုးရဖို့ခက်ခဲနေပြီး နောက်ဆုံးငါးပွဲမှာ သုံးဂိုးသာ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါ့ပြင် ဂီတာဖေးရဲ့အဝေးကွင်းကစားပုံဟာ နောက်ဆုံးရှစ်ပွဲဆက်မှာ တစ်ပွဲသာနိုင်ပွဲရခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးများနေတာဖြစ်လို့ အလာဗက်လို အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းကိုတော့ ထိန်းချုပ်ဖို့ မလွယ်ပါဘူး။ နည်းပြဘော်ဒါလက်စ်ကတော့ နောက်ပိုင်းမှာ ခံစစ်ပိုင်းဂိုးမပေးရဖို့ ဂရုစိုက်ကစားနေပေမဲ့ ပြီးခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက်မှာ ကာဒီဇက်၊ အယ်မာရီယာတို့လို တိုက်စစ်ပိုင်းအားနည်းတဲ့အသင်းတွေကိုတောင် ဂိုးပေးရတာဖြစ်ပါတယ်။ အခုပွဲမှာလဲ အဓိကကစားသမားတွေအပါအဝင် ကစားသမားငါးယောက်ထိ ဒဏ်ရာရနေတာကြောင့် ဂီတာဖေးကစားအားကျဆင်းသွားမှာဖြစ်လို့ အိမ်ကွင်းကစားပုံကောင်းတဲ့ အလာဗက်အသင်းကို အားပေးရမှာပါ။

**အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၂ | - | ၀ | အေတီကို |
| အလာဗက် | ၃ | - | ၀ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၀ | - | ၁ | အလာဗက် |
| အလာဗက် | ၂ | - | ၂ | ဂျီရိုနာ |
| ရီးရဲလ်မက်ဒရစ် | ၅ | - | ၀ | အလာဗက် |

**ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၀ | - | ၀ | ဂီတာဖေး |
| ဂီတာဖေး | ၁ | - | ၁ | ဆိုစီဒက် |
| အယ်မာရီယာ | ၁ | - | ၃ | ဂီတာဖေး |
| ဂီတာဖေး | ၀ | - | ၂ | ဘီလ်ဘာအို |
| ကာဒီဇက် | ၁ | - | ၀ | ဂီတာဖေး |

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး (၁၀၂၇၂)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ နှစ်ပြည့်ပြီး ၂၅၆၈ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ/နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)၊ ၂၂-၅-၂၀၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၀၆၀၀ နာရီ နေ့ထူးနေ့မြတ် အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်(၁၀၂၇၂)ပါး တို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို မန္တလေးမြို့ နန်းမြို့ရိုး၊ လေးပြင်လေးရပ် လမ်းမကြီးများ၌ အောက်ပါနေရာများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ကျုံးအရှေ့ဘက်(အရှေ့ပြင်)၊ ၆၆ လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး
(ခ) ကျုံးတောင်ဘက်(တောင်ပြင်)၊ ၂၆ လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး
(ဂ) ကျုံးနောက်ဘက်(နောက်ပြင်)၊ လမ်း ၈၀အတိုင်း သံဃာတော် (၂၅၆၈)ပါး
(ဃ) ကျုံးမြောက်ဘက်(မြောက်ပြင်)၊ ၁၂ လမ်းအတိုင်း သံဃာတော် (၂၅၆၈)ပါး

၂။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် ၂၅၆၈ နှစ်အထိမ်းအမှတ် သံဃာတော်(၁၀၂၇၂)ပါး တို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားတွင် ကိုယ်တိုင်လောင်းလှူလိုပါကလည်းကောင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်းကောင်း အောက်ပါပုဂ္ဂိုလ်များထံ (၁၉-၅-၂၀၂၄) ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အကြောင်းကြားအပ်ပါသည်-

| | | |
|---|---|---|
| (က) | ဦးသက်နိုင်ထွန်း | ဖုန်းနံပါတ် ၀၉-၄၀၂၀၀၁၀၆၉ |
| (ခ) | ဦးစိုးမိုးသိမ်း | ဖုန်းနံပါတ် ၀၉-၉၇၀၈၂၃၆၈၈ |
| (ဂ) | ဦးစိုးလှမြင့် | ဖုန်းနံပါတ် ၀၉-၅၁၂၀၅၂၀ |
| (ဃ) | ဦးတင်မောင်စိုး | ဖုန်းနံပါတ် ၀၉-၂၅၀၈၆၂၁၅၈ |

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

# ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၁၀၄၇ ဧက နုတ်သိမ်းပြီးစီး



**ဟုမ္မလင်း မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၁၀၄၇ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲများကို ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၀၄၇ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၄ ဒသမ ၅၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၁၀၄၇ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာ မြေပဲဧကအားလုံး နုတ်သိမ်းပြီးစီးပါပြီ။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ တစ်ဧကအထွက်နှုန်း တိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် မြို့နယ်အလိုက် မြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၁၁၀၁၆ ဧက၊ မိုပိုင်းလွတ်မြို့တွင် ၃၁ ဧက စုစုပေါင်း ၁၁၀၄၇ ဧက ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၀၅၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ ၁၁၀၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် မြေပဲစိုက်တောင်သူများအနေဖြင့် မြေပဲအောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# စဥ့်ကိုင်မြို့နယ်၌ ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဆင်း

**စဥ့်ကိုင် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသည့်သင်ခန်းစာများကို အကျိုးရှိစွာအသုံးချပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်သည်ထိ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဒေါ်ရီရီနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်တို့က သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ စဥ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းများကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့ဖြင့် မေ ၆ ရက်မှ ယနေ့ထိ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်




**The Best Quality Tyre**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၈၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၈၅၅၉၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)



**အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .**

**CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။**



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၁၂၃၁၆၃၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အရောင်းဝန်ထမ်း
## အမျိုးသမီး (၅)ဦး အလိုရှိသည်

- အသက် (၂၃-၃၃) အတွင်း
- ဘွဲ့ရရှိပြီးသူ (သို့) တက္ကသိုလ်အဆင့်
- ရုပ်ရည်ပြေပြစ်သူ
- ရုံးဖန်ရုံခါ ခရီးသွားလာနိုင်ရမည်
- အခြေခံလစာ ၁၈၀,၀၀၀ + ရက်မှန်ကြေး
- ဓါတ်ပုံ(ဥပုသ်နေ့တိုင်း+ Gazette ဓါတ်ပုံများ)
- 09-455734557 (Viber) သို့ CV Form ပေးပို့လျှောက်ထားနိုင်ပါသည်။
- ဆက်သွယ်မေးမြန်းလိုပါက 09773341230 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ မေသူခင် (ဘ) ဦးကြည်သောင်း (၉/ခအဇ(နိုင်)၀၅၅၂၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-332913) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၀၁၂၈၁၈၀

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

